# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**လောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဉာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက် | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ် (၀၅၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများမှားယွင်းမှုမရှိစေရေး၊ မဲစာရင်းများမှန်ကန်မှုရှိစေရေး အဓိကဆောင်ရွက် ကောင်စီဝင်များအနေဖြင့် မဲစာရင်းများ မှန်ကန်မှုရှိစေရေး တာဝန်ခွဲဝေ၍ ဆောင်ရွက်ရမည်

နေပြည်တော် နိုဝင်ဘာ ၁၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖

## ယနေ့ ဖတ်စရာ

### ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့် အသင်းလိုက်အားကစားနည်းများအတွက် ပွဲစဉ်ဇယားမဲနှိုက်ခြင်း အခမ်းအနားကျင်းပ

ပြည်တွင်းသတင်း | စာ ၆

### ကမ္ဘာလုံးဆိုင်ရာ မညီမျှမှုပုံစံအမျိုးမျိုးကို အဆုံးသတ်ရေး ဂျီ-၂၀ ခေါင်းဆောင်များတောင်းဆို

နိုင်ငံတကာသတင်း | စာ ၁၃



### ပြည်ထောင်စုပန်းများ လှပဝင့်ထည်စွာ သင်းပျံ့ခဲ့သော နေ့ရက်များ

ဆောင်းပါး | စာ ၁၀

### စာဆိုပွဲတော် လနတ်တော်

ဆောင်းပါး | စာ ၁၆

# NCA စာချုပ်နှင့်အညီ ခိုင်ခိုင်မာမာရပ်တည်

ပြီးခဲ့သည့် တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း နိုင်ငံတစ်ဝန်းရှိ ဒေသအသီးသီးတို့တွင် ရိုးရာဓလေ့အလိုက် ကျင်းပကြသည့် ပွဲတော်များ အံ့သြဖွယ်ကောင်းလောက်အောင်ပင် စည်ကားသိုက်မြိုက်ခဲ့သည်။ နိုင်ငံတစ်ဝန်းဟုဆိုရာတွင် တည်ငြိမ်အေးချမ်းမှုရှိသော၊ ငြိမ်းချမ်းသော မြို့ရွာများတွင်သာဖြစ်ပြီး အကြမ်းဖက်လက်နက်ကိုင် တိုက်ခိုက်မှုများ ဖြစ်ပေါ်နေသည့် ဒေသများတွင်မူ ဆန့်ကျင်ဘက်အခြေအနေများ အဖြစ် ပျော်ရွှင်အေးချမ်းမှုတို့ ဆိတ်သုဉ်းနေကြမည်ဖြစ်သည်။ ထောင်သောင်းမက များပြားလှစွာသော ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲကြသည့် ဘုရားပွဲတော်၊ မီးထွန်းပွဲတော်၊ မသိုးသင်္ကန်း ရက်လုပ်ပြိုင်ပွဲတော်၊ မီးပုံးပျံပွဲတော်၊ မီးရှော်တိုင် မီးကြာစံပွဲတော်၊ ဂီတပွဲတော်၊ ဈေးရောင်းပွဲတော်တို့၏ ကြက်ပျံမကျ စည်ကားလှသည့် ပုံရိပ်များက ငြိမ်းချမ်းစွာ နေထိုင်လိုကြသည့် ပြည်သူတို့၏ စစ်မှန်သောဆန္ဒကို ထင်ဟပ်ပေါ်လွင်စေသည်။

မိမိတို့နိုင်ငံ၏ ဒေသအနှံ့အပြားတွင် ဖြစ်ပေါ်နေသည့် မြို့ရွာများ ပျက်စီးမှု၊ လမ်း၊ တံတားများ၊ ဆက်သွယ်ရေးတာဝါတိုင်များ၊ ဓာတ်အားလိုင်းများ ပျက်စီးမှု၊ အိမ်ရာများဖောက်ထွင်းလုယက်မှု၊ အခွန်ဆက်ကြေး၊ ဂိတ်ကြေးများ အတင်းအကျပ် တောင်းခံမှု၊ လုံခြုံရေးစခန်းများကို တိုက်ခိုက်မှု၊ ဒလန်ဟု စွပ်စွဲသတ်ဖြတ်မှုနှင့် တရားဥပဒေစိုးမိုးမှုတို့ ကင်းမဲ့သည့်အခြေအနေများ ဖြစ်ပေါ်နေမှုတို့မှာ EAO အချို့နှင့် PDF အမည်ခံအကြမ်းဖက်သမားတို့ကြောင့် ဖြစ်ပေါ်လာရသည့် အနိဋ္ဌာရုံများပင်ဖြစ်သည်။ ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့နှင့် အကြမ်းဖက်အဖွဲ့အစည်းများက လက်နက်ဖြင့် အကြောက်တရားကိုဖန်တီးပြီး လူသစ်စုဆောင်းမှုများကို အရှိန်မြှင့်လုပ်ဆောင်ခြင်း၊ လူမျိုးရေး၊ မုန်းတီးမှုဖြစ်အောင် လှုံ့ဆော်ဖန်တီးမှုများ ပြုလုပ်ခြင်းတို့ ဆောင်ရွက်နေကြသည်ကို စိတ်မချမ်းမြေ့ဖွယ် တွေ့မြင်ကြားသိနေကြရသည်။ ၎င်းအဖွဲ့အစည်းများမှာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို ဟန်ဆောင်ကြွေးကြော်ခဲ့ကြသော်လည်း ၎င်းတို့၏ လက်တွေ့လုပ်ရပ်နှင့် ဦးတည်ချက်များမှာ တစ်နယ်တစ်မင်း စစ်အာဏာရှင်ဝါဒနှင့် ကိုယ်ကျိုးစီးပွားရှာဖွေမှုဆီသို့သာ ရေးရှုနေကြခြင်း ဖြစ်သည်ကိုလည်း တွေ့နိုင်သည်။

တပ်မတော်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အပေါ်တွင် ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်နေခြင်းဖြစ်သည်။ NCA သဘောတူစာချုပ်သည် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ဖိတ်ခေါ်သည့်နေ့မှစ၍ ဆွေးနွေးညှိနှိုင်းမှုပေါင်း ၅၀၀၀ ကျော်အထိ ပြုလုပ်ခဲ့ပြီးမှရရှိခဲ့သည့် သဘောတူစာချုပ်ဖြစ်ရာ ပေါ့ပေါ့တန်တန် လွယ်လွယ်ကူကူ ဖြစ်ပေါ်လာခြင်းမဟုတ်။ တပ်မတော်သည် NCA စာချုပ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် စာချုပ်၏အနှစ်သာရနှင့်အညီ ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ကို ထုတ်ပြန်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ “တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA သည် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများက ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှ အသိသက်သေများ၊ ပြည်တွင်း အသိသက်သေများ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်က Union Accord အဖြစ် အတည်ပြုပေးထားသည့် သမိုင်းဝင်စာချုပ်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် NCA သဘောတူစာချုပ်အတိုင်း အတတ်နိုင်ဆုံးရအောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့် လွှတ်တော်ကာလတွင်လည်း အချို့ကိစ္စရပ်များကို လွှတ်တော်၌ ဆက်လက်ဆွေးနွေးရန်အတွက် EAO များ၊ နိုင်ငံရေးပါတီများနှင့် သဘောတူဆွေးနွေးချက်များ ရရှိပြီးဖြစ်ကြောင်း” နိုဝင်ဘာ ၁၉ ရက်တွင် ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပကာ ထွက်ပေါ်လာသည့်အစိုးရကို နိုင်ငံတော်အာဏာလွှဲအပ်ရေးပင်ဖြစ်သည်။ နိုင်ငံအတွင်းဖြစ်ပေါ်နေသည့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များကိုပါ ဖိတ်ခေါ်ထားပြီးဖြစ်ရာ အကြမ်းဖက်တိုက်ခိုက်သည့် နည်းလမ်းကြောင့် နိုင်ငံအတွင်း နစ်နာပျက်စီးဆုံးရှုံးရမှုများကို ထောက်ထား၍ စစ်မှန်သော ပြည်သူတို့၏ ဆန္ဒနှင့်အညီ ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန် ကမ်းလှမ်းခဲ့ခြင်းပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ငြိမ်းချမ်းရေးဟူသည် တစ်ဖက်တည်းကသာ လိုလား၍လည်းကောင်း၊ တစ်ဖက်တည်းကသာ ကြိမ်ဖန်များစွာ လိုက်လျော၍လည်းကောင်း ဖြစ်ပေါ်မလာနိုင်သည်ကို ပကတိအရှိတရားက ပြဆိုလျက်ရှိသည်ကို တွေ့မြင်နိုင်မည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများ တည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး။

★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာ ပြည့်ဝသော ပညာတတ်များ ပေါ်များရေး။

★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။

★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန မုံရွာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ သန်းသန်းဝင်း ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ၂၀၂၄ ခုနှစ်၊ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံးညီညွတ်စို့။

**၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်**

**(၂၅-၁၁-၂၀၂၄)**

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၁၉

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မိုး/ဇလ

## နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

**နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၁၄-၁၁-၂၀၂၄ ရက်မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံပြီး ၂၁-၁၁-၂၀၂၄ ရက်မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

## လှည်းကူးမြို့နယ် ပျဉ်းမကျင်းကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပျဉ်းမကျင်းကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၆၁ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုး/အကြောရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား/ နှာခေါင်း / လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - စိုးစိုးနိုင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သတင်းထောက်များ
ဓာတ်ပုံသတင်းထောက် - တင်စိုး
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပါတီများမှတ်ပုံတင်ခြင်းများကို ဥပဒေနှင့်အညီခွင့်ပြုပေးထား ဒေသနှင့် တိုင်းရင်းသားအကျိုးကို တရားဥပဒေနှင့်အညီ တောင်းဆိုဆွေးနွေးနိုင်ရေးအတွက် တိုင်းရင်းသားကိုယ်စားလှယ်များအနေဖြင့် နိုင်ငံရေးစင်မြင့်တွင် ပိုမိုပါဝင်လာနိုင်ရန်လိုအပ်

❖ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် သွားရောက်ခဲ့မှုနှင့် အောင်မြင်သည့် ဆွေးနွေးမှုရလဒ်များ ရရှိခဲ့မှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မကြာသေးမီက မိမိဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း ကူမင်းမြို့၌ကျင်းပသည့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီကော်မတီ အတွင်းရေးမှူး Mr. Yuan Jiajun နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီ အတွင်းရေးမှူး H.E. Mr. Wang Ning နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ကူမင်းမြို့၊ ချုံချင့်မြို့နှင့် ရှန်းကျန့်မြို့တို့ရှိ အထင်ကရနေရာများ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံများသို့ လေ့လာခြင်း စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြုသဘောဆောင်သည့် စီးပွားရေးဆိုင်ရာ ဆွေးနွေးမှုရလဒ်များ ပေါ်ထွက်လာအောင် ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင်ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံတော်အတွက် အပြုသဘောဆောင်နိုင်ခဲ့သော အောင်မြင်သည့် ခရီးစဉ်တစ်ခုဖြစ်ခဲ့ကြောင်း။

ခရီးစဉ်အတွင်း **GMS အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့် သီးခြားစီတွေ့ဆုံ** ဆွေးနွေးမှုများ ဆောင်ရွက်စဉ် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေ၊ မြန်မာနိုင်ငံဆောင်ရွက်နေသည့်အခြေအနေ၊ နိုင်ငံအလိုက် နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်နေသည့် အခြေအနေ၊ နိုင်ငံတကာ မျက်နှာစာများတွင် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး မိတ်ဆွေနိုင်ငံများမှ ထောက်ခံအားပေးမှုအခြေအနေနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang အနေဖြင့် GMS အစည်းအဝေးတက်ရောက်သည့် ဝန်ကြီးချုပ်များအနက် မြန်မာဝန်ကြီးချုပ်နှင့်သာ သီးခြားတွေ့ဆုံမှု ပြုလုပ်ခဲ့သည်ကိုတွေ့ရကြောင်း၊ သီးခြားတွေ့ဆုံ ဆွေးနွေးစဉ် မိမိအနေဖြင့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပြောကြားခဲ့ကြောင်း၊ ထိုသို့ဆွေးနွေးစဉ် တရုတ်နိုင်ငံဝန်ကြီးချုပ်၏ ဆွေးနွေးချက်များမှ အဓိကကျသည့် ဆွေးနွေးချက်များမှာ **မြန်မာနိုင်ငံအစိုးရ၏ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ချက်များကို တရုတ်နိုင်ငံဘက်က အစဉ်အမြဲထောက်ခံအားပေးနေကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် တက်တက်ကြွကြွ ထောက်ခံအားပေးပြီး** မြန်မာနိုင်ငံ၏ နိုင်ငံရေးတည်ငြိမ်မှုရှိစေရန်နှင့် နိုင်ငံရေး အသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်များကို ဆက်လက်တွန်းအားပေး ဆောင်ရွက်နေမှုကိုလည်း ထောက်ခံအားပေးပါကြောင်း၊ **တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုတို့ကို ထပ်လောင်းအတည်ပြုပါကြောင်း၊ မြန်မာနိုင်ငံအစိုးရ၏ တရုတ် – မြန်မာနယ်စပ်ဒေသကုန်သွယ်ရေးဂိတ်များနှင့် ပတ်သက်ပြီး စီမံခန့်ခွဲအုပ်ချုပ်မှုများကို တရုတ်နိုင်ငံအနေဖြင့် အားပေး**ပါကြောင်း၊ **တရုတ်ဘက်အနေဖြင့် မြန်မာနိုင်ငံနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့်အတူတကွ ဖွံ့ဖြိုးတိုးတက်မှုရရှိလို**ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် မိမိတို့အစိုးရ၏ ဆောင်ရွက်ချက်များအပေါ် ပြတ်ပြတ်သားသား ရပ်တည်သည့် ပြောကြားချက်များပင်ဖြစ်ကြောင်း။

ရွေးကောက်ပွဲနှင့်ပတ်သက်၍ လိုအပ်သည့်ကူညီမှုများ ထောက်ပံ့ပေးမည့်အခြေအနေနှင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုနှင့်ပတ်သက်၍ ကူညီမှုများ ဆောင်ရွက်ပေးမည့် အခြေအနေနှင့် ပတ်သက်၍လည်း ပြောကြားခဲ့ကြောင်း။

မိမိအနေဖြင့် တရုတ်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီ အတွင်းရေးမှူး H.E. Mr. Wang Ning နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ ချုံချင့် မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr. Yuan Jiajun တို့နှင့်လည်း တွေ့ဆုံဆွေးနွေးမှုဆောင်ရွက်ခဲ့ပြီး ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အပြည့်အဝပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေကို ပြောကြားခဲ့ကြောင်း၊ အပြုသဘောဆောင်သော ကောင်းမွန်သည့် ဆွေးနွေးမှုများကို တွေ့ရှိခဲ့ရကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်၍ အထူးအလေးထားသော ပြောဆိုဆက်ဆံမှု၊ ဆွေးနွေးမှုများကို ထင်ရှားစွာတွေ့ရှိခဲ့ရကြောင်း။

GMS အစည်းအဝေးသို့တက်ရောက်လာသည့် အရှေ့တောင်အာရှနိုင်ငံ လေးနိုင်ငံမှ ဝန်ကြီးချုပ်များနှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးချိန်တွင်လည်း မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့မှုအခြေအနေ၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိမှုအခြေအနေနှင့် ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲဖြစ်စေရေး နိုင်ငံတကာမှ လေ့လာအကဲခတ်ရေးကိုယ်စားလှယ်အဖွဲ့များကို ဖိတ်ခေါ်ဆောင်ရွက်သွားမည့်အခြေအနေကို ရှင်းလင်းပြောကြားခဲ့ရာ နိုင်ငံများအလိုက် ထောက်ခံသည့် ဆွေးနွေးချက်များကို ပြန်လည်ပြောကြားခဲ့ကြကြောင်း၊ တရုတ်နိုင်ငံခရီးစဉ်အတွင်း တရုတ် – မြန်မာ စီးပွားရေးပူးပေါင်းမှု အရှိန်အဟုန်မြင့်တင် ဆောင်ရွက်နိုင်ရန်နှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေး ပညာတော်သင်များ ပိုမိုစေလွှတ်နိုင်ရေး ဆွေးနွေးနိုင်ခဲ့သဖြင့် အောင်မြင်သည့် ခရီးစဉ်တစ်ခုပင်ဖြစ်ကြောင်း။

❑ **မြန်မာနိုင်ငံအစိုးရ၏ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ချက်များကို တရုတ်နိုင်ငံဘက်က အစဉ်အမြဲထောက်ခံအားပေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် တက်တက်ကြွကြွ ထောက်ခံအားပေး**

❑ **တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုတို့ကို ထပ်လောင်းအတည်ပြု၊ မြန်မာနိုင်ငံအစိုးရ၏ တရုတ် - မြန်မာနယ်စပ်ဒေသကုန်သွယ်ရေးဂိတ်များနှင့်ပတ်သက်ပြီး စီမံခန့်ခွဲအုပ်ချုပ်မှုများကို တရုတ်နိုင်ငံအနေဖြင့်အားပေး၊ တရုတ်ဘက်အနေဖြင့် မြန်မာနိုင်ငံနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် အတူတကွ ဖွံ့ဖြိုးတိုးတက်မှုရရှိလို**

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ ကတိကဝတ်များအတိုင်း အတတ်နိုင်ဆုံးထိန်းသိမ်းဆောင်ရွက်**

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅) ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လုံခြုံရေးနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) သည် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ၊ တိုင်းရင်းသား ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှ အသိသက်သေများ၊ ပြည်တွင်းအသိသက်သေများ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်က Union Accord အဖြစ် အတည်ပြုပေးထားသည့် သမိုင်းဝင်စာချုပ်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် NCA သဘောတူစာချုပ်အတိုင်း အတတ်နိုင်ဆုံးရအောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လာမည့် လွှတ်တော်ကာလတွင်လည်း အချို့ကိစ္စရပ်များကို လွှတ်တော်၌ ဆက်လက်ဆွေးနွေးရန်အတွက် EAO များ၊ နိုင်ငံရေးပါတီများနှင့် သဘောတူဆွေးနွေးချက်များ ရရှိပြီးဖြစ်ကြောင်း။

**လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်**

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို နိုင်ငံ့လူဦးရေ၏ ၆၃ ရာခိုင်နှုန်းကျော် ကောက်ယူနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း ကောက်ယူရန် ကျန်ရှိနေသည့်နေရာများ၌ အတတ်နိုင်ဆုံး၊ အနီးစပ်ဆုံးအထိရရှိအောင် ဆက်လက်ကောက်ယူလျက်ရှိကြောင်း၊ ယခုနှစ်ကုန်ပိုင်းတွင် အပြီးသတ် ကောက်ယူနိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ **ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပါတီများမှတ်ပုံတင်ခြင်းများကို ဥပဒေနှင့်အညီခွင့်ပြုပေးထား**ပြီးဖြစ်ကြောင်း၊ **ဒေသနှင့် တိုင်းရင်းသားအကျိုးကို တရားဥပဒေနှင့်အညီ တောင်းဆိုဆွေးနွေးနိုင်ရေးအတွက် တိုင်းရင်းသား ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံရေးစင်မြင့်တွင် ပိုမိုပါဝင်လာနိုင်ရန် လိုအပ်**ကြောင်း၊ လွှတ်တော်အတွင်း တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ ကျယ်ပြန့်စွာပါဝင်လာရေး အချိုးကျကိုယ်စားပြုစနစ် (PR) ကို တိုင်းဒေသကြီး၊ ပြည်နယ်နှင့် အမျိုးသားလွှတ်တော်တွင် ဖော်ဆောင်နိုင်ရေး ဆောင်ရွက်နေကြောင်း။

ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံအတွက် အင်မတန်အကျည်းတန်အရုပ်ဆိုးသည့် မဲမသမာမှု ဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၌ ပါလီမန်ဒီမိုကရေစီခေတ်တွင်လည်း ရွေးကောက်ပွဲများ ပြုလုပ်ခဲ့ကြောင်း၊ ထိုအချိန်တွင် မဲမသမာမှုများရှိခဲ့သော်လည်း မဲဆန္ဒနယ်အနည်းအကျဉ်းသာ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ **၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်အောင် ပြုလုပ်သူများသည် ၎င်းတို့၏ သက်ဆိုင်ရာ ရွေးကောက်ခံ မဲဆန္ဒနယ်တစ်ခုတည်းတွင်သာမကဘဲ ဒေသတစ်ခုလုံးတွင် အနိုင်ရရှိအောင် မဲမသမာမှုများကို ပြုလုပ်ခဲ့ကြခြင်းဖြစ်**ကြောင်း၊ မဲမသမာမှုများကို ပြန်လည်စိစစ်ခဲ့ချိန်တွင် မဲစာရင်းအချိုးအရ *စာမျက်နှာ ၄ သို့*

❍ **၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်အောင်ပြုလုပ်သူများသည် ၎င်းတို့၏သက်ဆိုင်ရာ ရွေးကောက်ခံမဲဆန္ဒနယ် တစ်ခုတည်းတွင်သာမကဘဲ ဒေသတစ်ခုလုံးတွင် အနိုင်ရရှိအောင် မဲမသမာမှုများကို ပြုလုပ်ခဲ့ကြခြင်းဖြစ်**

❍ **ဦးဆောင်ပြုလုပ်သူများသည် ၎င်းတို့သက်ဆိုင်ရာ မဲဆန္ဒနယ်များတွင်သာမက တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်တစ်ခုလုံး အတိုင်းအတာအထိ မဲမသမာမှုများကိုပြုလုပ်ခဲ့သဖြင့် ရွေးကောက်ပွဲမသမာမှုကျူးလွန်မှုသည် အတိမ်အနက်ကြီးမား**

*စာမျက်နှာ ၃ မှ*

ပဲခူးတိုင်းဒေသကြီး၌ မဲစာရင်းမှားယွင်းမှု အများဆုံးဖြစ်ကြောင်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း မဲမသမာမှုများကို စိစစ်တွေ့ရှိခဲ့ရကြောင်း၊ **ဦးဆောင်ပြုလုပ်သူများသည် ၎င်းတို့သက်ဆိုင်ရာမဲဆန္ဒနယ်များတွင်သာမက တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် တစ်ခုလုံးအတိုင်းအတာအထိ မဲမသမာမှုများကို ပြုလုပ်ခဲ့သဖြင့် ရွေးကောက်ပွဲမသမာမှုကျူးလွန်မှုသည် အတိမ်အနက် ကြီးမား**ကြောင်း၊ ထို့ကြောင့် ကျူးလွန်ခဲ့သည့် ပါတီအား ရွေးကောက်ပွဲဥပဒေအရ ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ **အဆိုပါရွေးကောက်ပွဲမဲမသမာမှုများတွင် တာဝန်ရှိသူများသည် NLD ပါတီမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် (CEC) များဖြစ်**ကြောင်း၊ **ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် (CEC) များသည် ပါတီကိုကိုယ်စားပြုသူများဖြစ်**ကြောင်း၊ **တစ်ဦးတစ်ယောက်တည်း ကျူးလွန်ခြင်းမဟုတ်ဘဲ အဖွဲ့လိုက်လုပ်ဆောင်ခြင်းဖြစ်သဖြင့် အလားတူဖြစ်စဉ်မျိုး မဖြစ်ပွားအောင် ဆောင်ရွက်ရမည်ဖြစ်**ကြောင်း။

လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများ မှားယွင်းမှုမရှိစေရေး၊ မဲစာရင်းများ မှန်ကန်မှုရှိစေရေး အဓိကဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့် မဲစာရင်းများ မှန်ကန်မှုရှိစေရေး တာဝန်ခွဲဝေ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **လာမည့် ရွေးကောက်ပွဲတွင် Myanmar Electronic Voting Machine စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း၊ မိမိတို့နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင်လည်း အဆိုပါမဲပေးစနစ်ကိုအသုံးပြုလျက်ရှိပြီး မဲစာရင်း မှန်ကန်စေရန်အတွက် အထောက်အကူပြုသည့် စနစ်တစ်ခုဖြစ်ကြောင်း၊ ရွေးကောက်ပွဲအား လုံခြုံရေးအရ အပိုင်းလိုက်ခွဲခြား၍လည်း ပြုလုပ်နိုင်ကြောင်း။

### သဘာဝဘေးအန္တရာယ်ကြောင့်ထိခိုက်ခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေး

ပြီးခဲ့သည့် စက်တင်ဘာလအတွင်းဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ၉ ခုရှိမြို့နယ်တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး မိမိတို့နိုင်ငံ၏သမိုင်းတွင် ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုတွင် အဆိုးရွားဆုံးဖြစ်ကြောင်း၊ သဘာဝဘေးကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်သေဆုံး ပျက်စီးမှုများအတွက် မိမိတို့အနေဖြင့် ထိုက်သင့်သည့် ထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

### အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ ရှေ့သို့မရောက်နိုင်ဖြစ်နေ

သဘာဝဘေးအန္တရာယ်ကြောင့် မဟုတ်ဘဲ လူတို့၏လုပ်ဆောင်မှုများကြောင့် နိုင်ငံတော်အတွင်း လမ်း၊ တံတားများ၊ စာသင်ကျောင်းများနှင့် အဆောက်အဦများ ကြီးမားစွာ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု အဆောက်အဦများ၊ လမ်း၊ တံတားများကို ဆင်ခြင်တုံတရားမဲ့စွာ

> “ သဘာဝဘေးအန္တရာယ်ကြောင့်မဟုတ်ဘဲ လူတို့၏လုပ်ဆောင်မှုများကြောင့် နိုင်ငံတော်အတွင်း လမ်း၊ တံတားများ၊ စာသင်ကျောင်းများနှင့် အဆောက်အဦများ ကြီးမားစွာထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုရှိ၊ အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဆောက်အဦများ၊ လမ်း၊ တံတားများကို ဆင်ခြင်တုံတရားမဲ့စွာ မိုက်လုံးကြီးစွာဖြင့် ဖျက်ဆီးလျက်ရှိ၊ ၎င်းတို့ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့ရသည်များကို ပြန်လည်ပြုပြင် တည်ဆောက်ခြင်းများ ဆောင်ရွက်နေရသဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ ရှေ့သို့မရောက်နိုင်ဖြစ်နေ ”

မိုက်လုံးကြီးစွာဖြင့် ဖျက်ဆီးလျက်ရှိကြောင်း၊ ၎င်းတို့ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့ရသည်များကို ပြန်လည်ပြုပြင်တည်ဆောက်ခြင်းများ ဆောင်ရွက်နေရသဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများမှာ ရှေ့သို့မရောက်နိုင်ဖြစ်နေရကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် သုံးစွဲရမည့်ငွေကြေးများကို ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် သုံးစွဲကုန်ကျနေခြင်းသည် နိုင်ငံတော်အတွက် ထိခိုက်နစ်နာစေခြင်းပင်ဖြစ်ကြောင်း။

ထိုကဲ့သို့ **အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေကြခြင်းသည် ပြည်ပမှ သွေးထိုးမြှောက်ပင့်ပေးမှုများနှင့် အသိပညာ၊ အတတ်ပညာအားနည်းခြင်း၊ ဝေဖန်ပိုင်းခြားနိုင်မှု အားနည်းခြင်းများကြောင့်ပင်ဖြစ်**ကြောင်း၊ **ပညာရေးအရ အားနည်းသည့် ဒေသများ၌ အကြမ်းဖက်မှုများ၊ ဒုစရိုက်မှုများ ပိုမိုဖြစ်ပေါ်နေသည်ကို တွေ့မြင်ရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် **အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့် နိုင်ငံတော်ကို ပုံဖော်ပေးနိုင်ရေး ပညာရေးကို အားပေးဆောင်ရွက်နေခြင်းဖြစ်**ကြောင်း၊ **အတန်းပညာရှိမှသာ အတတ်ပညာများရရှိမည်ဖြစ်ပြီး စဉ်းစားတွေးခေါ်မှုများ ရရှိမည်ဖြစ်**ကြောင်း။

### နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများ အားပေးဆောင်ရွက်

မိမိတို့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စီးပွားရေးအားကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးတက်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ **စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် အချက် သုံးချက်ဖြစ်သည့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ သီးထပ်စွမ်းအားမြှင့်တင်ရေး၊ စိုက်ဧကတိုးချဲ့ရေးကို အလေးထားကြိုးပမ်းဆောင်ရွက်သွား**ရမည်ဖြစ်ကြောင်း။

### စိုက်ပျိုးရေလုံလောက်စွာရရှိရေး မြစ်ချောင်းများကို အကျိုးရှိစွာအသုံးချရန်လို

**စိုက်ပျိုးရေးတွင် ရေသည် မရှိမဖြစ်လိုအပ်**သဖြင့် ရေအရင်းအမြစ်များရရှိရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကောင်စီဝင်များအနေဖြင့် ရောက်ရှိသည့် ဒေသများတွင် နည်းလမ်းများ ရှာဖွေဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေ အသုံးချရာတွင် မိုးကောင်းသောက်၊ ဆည်ရေ၊ မြစ်ရေတင်၊ မြေအောက်ရေ စသည်ဖြင့် သုံးစွဲကြကြောင်း၊ ဆည်ရေသောက်စိုက်ပျိုးရေးအတွက် ဆည်များတည်ဆောက်ရန် လိုနေသေးကြောင်း၊ **ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့အား စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်သွားမည်ဆိုပါက စိုက်ပျိုးရေများကို များစွာရရှိမည်ဖြစ်**ကြောင်း၊ မြစ်ဘေးတစ်လျှောက်တွင် စိုက်ပျိုးမြေများစွာရှိကြောင်း၊ မြစ်ကြောင်းများထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြစ်ကြောင်းများတစ်လျှောက် အရေးကြီးသည့်နေရာများတွင် Low Head Dam များ တည်ဆောက်၍ စိုက်ပျိုးရေများ ရရှိအောင် ဆောင်ရွက်နိုင်ကြောင်း၊ မြစ်ကြောင်းများ ထိန်းသိမ်းခြင်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ကြောင်း၊ **မိမိတို့နိုင်ငံအတွက် လိုအပ်သည့်လျှပ်စစ်ဓာတ်အားနှင့် စိုက်ပျိုးရေများ ရရှိစေရေးအတွက် မြစ်ချောင်းများကို အကျိုးရှိစွာ အသုံးပြုရမည်ဖြစ်**ကြောင်း၊ **မိုးနည်းသည့်ဒေသများတွင် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေများ လုံလောက်စွာရရှိနိုင်**ကြောင်း။

ရေအရင်းအမြစ်များကို မှန်မှန်ကန်ကန် အကျိုးရှိရှိ အသုံးချနိုင်ရေး ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ရေနှင့်ဆက်စပ်ပြီး စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ဖော်ဆောင်ပေးရန်လိုကြောင်း၊ မြို့ပြဧရိယာများ၌ သုံးမိုင်ပတ်လည်အကွာအဝေးအတွင်း၌ Green Zone များ ဖော်ဆောင်ပေးထားရန်လိုကြောင်း၊ အိမ်ခြံဝင်းများ၊ လမ်းဘေးဝဲယာများ၌ သစ်ပင်များစိုက်ပျိုးစေရေး ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရ တာဝန်ထမ်းဆောင်ချိန်အတွင်း Green Zone များကို ဖော်ဆောင်ပေးသွားရမည်ဖြစ်ကြောင်း၊ မကြာမီကာလအတွင်း ပွင့်လင်းရာသီသို့ ရောက်ရှိတော့မည်ဖြစ်သဖြင့် စိုက်ပျိုးထားသည့် သစ်ပင်များ ဆက်လက်ရှင်သန်ဖြစ်ထွန်းစေရေး ဆောင်ရွက်ကြရန်လိုကြောင်း။

### MSME လုပ်ငန်းများကိုဆောင်ရွက်ရာတွင် စက်မှုကုန်ထုတ်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရန်လို

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေးအတွက် MSME လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ၅၀ ရာခိုင်နှုန်းခန့်သည် စားသောက်ကုန် ထုတ်လုပ်သည့် လုပ်ငန်းများဖြစ်သည်ကို တွေ့ရကြောင်း၊ စက်မှုကုန်ထုတ်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ စက်ရုံအကြီးများ ဆောင်ရွက်ရန်မဆိုလိုဘဲ စက်ယန္တရားအနည်းငယ်ဖြင့် ဆောင်ရွက်၍လည်းရကြောင်း၊ ပြည်တွင်းလိုအပ်ချက်ရှိသည့် အထည်အလိပ်လုပ်ငန်း၊ အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ၊ သံနှင့်သံမဏိလုပ်ငန်းကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ ဒေသအလိုက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ စီးပွားရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းတို့ဖြင့် ဒေသ၏လူသားအရင်းအမြစ်များကို ထိန်းသိမ်းဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း မိမိတို့တာဝန်ယူထားရသည့် ဒေသများအလိုက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

### ကောင်စီအဖွဲ့ဝင်များက အသီးသီးဆွေးနွေးတင်ပြ

ယင်းနောက် ကောင်စီဝင်များက လက်ရှိအချိန်တွင် လွိုင်ကော်ဒေသသည် ပြန်လည်တည်ငြိမ်အေးချမ်းနေပြီဖြစ်သဖြင့် လွိုင်ကော်ဒေသမှ ယာယီနေရပ်စွန့်ခွာနေရသူများအနေဖြင့် ၎င်းတို့နေရပ်တွင် ပြန်လည်အခြေချနေထိုင်လိုမှု၊ နိုင်ငံတော်၏ အနာဂတ်ကောင်းကို ပုံဖော်တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရနှင့်တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်မှု၊ သက်ဆိုင်ရာဒေသများအလိုက် ခရီးစဉ်များသွားရောက်၍ ဒေသခံပြည်သူလူထုများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆောင်ရွက်သူများနှင့် ထိတွေ့၍ ၎င်းတို့တင်ပြချက်များ၊ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးနိုင်မှုနှင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့မှု၊ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များအနေဖြင့် ဒေသနှင့် နိုင်ငံတော်အတွက် အကျိုးမရှိသည့် လက်နက်ကိုင်အကြမ်းဖက်သည့်လမ်းစဉ်ကို စွန့်လွှတ်ကာ ငြိမ်းချမ်းရေး လမ်းကြောင်းပေါ်သို့ ရောက်ရှိလာစေရေး ဆွေးနွေးအဖြေရှာ ဆောင်ရွက်ကြရန်လိုအပ်မှု၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဒေသများ၌ စားရေးအတွက် အခက်အခဲမရှိအောင် နိုင်ငံတော်မှဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိမှုတို့နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် တည်ငြိမ်အေးချမ်းရေးနှင့် ပတ်သက်၍ **နိုင်ငံတစ်ခု၊ ဒေသတစ်ခု၌ ပဋိပက္ခကို ဖြစ်ပေါ်လာအောင် ဖန်တီးသည်မှာ ၎င်းဒေသနှင့် နိုင်ငံတို့တွင် နေထိုင်ကြသူများပင်ဖြစ်ပြီး တည်ငြိမ်အေးချမ်းရေးကို မလိုလားသူများ၏ သွေးဆောင်မြှောက်ပင့်မှုများကြောင့်လည်း ဖြစ်**ကြောင်း၊ **အလားတူ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက်လည်း ၎င်းဒေသတွင် နေထိုင်သူများကပင် လုပ်ဆောင်ကြခြင်းဖြစ်**ကြောင်း၊ ထို့ကြောင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံများ၏ လုံခြုံရေးကို ဖျက်ဆီးနေသည့် ဒေသတွင်းနေထိုင်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ဆောင်မှုများ လျော့ပါးစေရေးအတွက် ကောင်စီဝင်များအနေဖြင့်လည်း ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ဝိုင်းဝန်းတားဆီး ဆောင်ရွက်ပေးကြစေလိုကြောင်း။

ရွေးကောက်ပွဲကျင်းပနိုင်ရေးနှင့် ပတ်သက်ပြီး ရှေ့လုပ်ငန်းစဉ် (၅) ရပ်နောက်ဆုံးအချက်၌ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး သိက္ခာရှိသည့် ရွေးကောက်ပွဲနှင့် သိက္ခာရှိသည့် လွှတ်တော်တစ်ရပ်ကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

> ❖ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် အချက်သုံးချက်ဖြစ်သည့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ သီးထပ်စွမ်းအားမြှင့်တင်ရေး၊ စိုက်ဧကတိုးချဲ့ရေးကို အလေးထားကြိုးပမ်းဆောင်ရွက်

> ❖ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့အား စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်သွားမည်ဆိုပါက စိုက်ပျိုးရေများကို များစွာရရှိမည်

> ❖ မိမိတို့နိုင်ငံအတွက် လိုအပ်သည့်လျှပ်စစ်ဓာတ်အားနှင့် စိုက်ပျိုးရေများ ရရှိစေရေးအတွက် မြစ်ချောင်းများကို အကျိုးရှိစွာ အသုံးပြုရမည်၊ မိုးနည်းသည့်ဒေသများတွင် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေများ လုံလောက်စွာရရှိနိုင်

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေ (မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး အပြီးသတ်ညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၉

**ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အမှာစကားပြောကြားပြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးလက်လမ်းဦးစီးဌာန၏ အဓိကတာဝန်ဖြစ်သဖြင့် ကျေးလက်လမ်းများ ဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် လမ်းကွန်ရက်များ တိုးချဲ့ခြင်းတို့ကို ဥပဒေနှင့်အညီ ထိရောက်စွာ လုပ်ကိုင်ခွင့်ရရှိရန်အတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဥပဒေ ပြဋ္ဌာန်းရန် လိုအပ်ကြောင်း တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ယင်းဥပဒေ(မူကြမ်း)သည် ကျေးလက်ဒေသနေပြည်သူများ၏ လူနေမှုဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် ကိစ္စဖြစ်သဖြင့် အဆိုပါဥပဒေ(မူကြမ်း) ကို ပြဋ္ဌာန်းနိုင်ရေး အပြီးသတ် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## ဘရာဇီးလ်နိုင်ငံ၏ (၂၀၂)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှော်ခံပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၉**

ဘရာဇီးလ်နိုင်ငံ၏ (၂၀၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညှော်ခံပွဲကို ယနေ့ ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာရှိ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်နိုင်ငံ သံအမတ်ကြီး၏ နေအိမ်၌ ကျင်းပသည်။

ညှော်ခံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Gustavo Rocha de Menezes နှင့် တာဝန်ရှိသူများက ဒုတိယဝန်ကြီးနှင့် ညှော်ခံပွဲတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။ **(ဓာတ်ပုံ)**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်နိုင်ငံ သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ညှော်ခံပွဲတက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းညှော်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကျိုက်ထို၌ အမျိုးသားအောင်ပွဲနေ့အကြို အသိပညာပေးဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်



**ကျိုက်ထို နိုဝင်ဘာ ၁၉**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်းပြီး ယနေ့နံနက်ပိုင်းက ကော့စံနိုင်ရပ်ကွက်ရှိ အ.မ.က (အေးရိပ်ငြိမ် အရှေ့-၂) ကျောင်း၌ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို အသိပညာပေးဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာပုံ၊ အမျိုးသားရေးစိတ်ဓာတ်များ ထာဝစဉ်ရှင်သန်နိုးကြားစေရန်နှင့် ကျောင်းသားကျောင်းသူများ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေး ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသူကျောင်းသားများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများ အသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး စသည့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးမင်းသိန်းဇံ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပမည့်နေရာများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံတို့သည် ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဒေါ်နုမြဇံ၊ ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများ ကျင်းပမည့် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းသို့သွားရောက်၍ ကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။**



ဦးစွာ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများတွင် အသုံးပြုမည့် Lighting System ၊ LED ၊ အသံစနစ်နှင့် လျှပ်စစ်မီးများ တပ်ဆင်နေမှု၊ စင်မြင့်တည်ဆောက်နေမှု၊ အားကစားကွင်းအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလံများ၊ ဝန်ကြီးဌာနအလိုက် အလံများ ချိတ်ဆွဲထားရှိမှု၊ ဖျော်ဖြေရေးအဖွဲ့များနှင့် အားကစားသမားများ အဝင်အထွက်ပြုလုပ်မည့်နေရာ လျာထားဆောင်ရွက်နေမှု၊ ကဏ္ဍအလိုက် ဖျော်ဖြေရေးအစီအစဉ်များ ပြင်ဆင်ဆောင်ရွက်နေမှု၊ အလွတ်ခုန်(Free Fall) လေထီးစစ်သည်များက တိုင်းဒေသကြီး၊ ပြည်နယ်အလံများနှင့် အမျိုးသားအားကစားပွဲတော် အလံတို့ကို ကွင်းအတွင်းသို့ လေထီးခုန်၍ သယ်ဆောင် လေ့ကျင့်နေမှု၊ ပွဲတော်အထိမ်းအမှတ် မီးရှူးတိုင် လက်ဆင့်ကမ်းသယ်ယူရေး အစီအစဉ်လေ့ကျင့်နေမှု၊ မီးရှူးတိုင်ထွန်းညှိမည့်နေရာ ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ကဏ္ဍအလိုက် ပြင်ဆင် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။(ယာပုံ)

**ပူးပေါင်းဆောင်ရွက်**

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းကအမျိုးသားအားကစားပွဲတော်ကြီးကျင်းပရန် ရက်အနည်းငယ်သာ ကျန်ရှိတော့သဖြင့် ကော်မတီများအလိုက် လုပ်ငန်းတာဝန်များကို အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အခမ်းအနားအတွက် လိုအပ်သည့် စက်ကိရိယာပိုင်းဆိုင်ရာများကိုလည်း အချိန်မီ တပ်ဆင်ပြီးစီးရေးနှင့် အရည်အသွေး ပြည့်မီရေးကိုလည်း အထူးအလေးထား ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အခက်အခဲများရှိပါကလည်း သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အဆင့် အခမ်းအနား ဖြစ်သည့်အတွက် အမျိုးသားရေး စိတ်ဓာတ်ဖြင့် တက်ကြွစွာ အားလုံးပူးပေါင်း ဆောင်ရွက်ကြစေ လိုကြောင်း ပြောကြားသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို သက်ဆိုင်ရာ ကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အမျိုးသားအားကစားပွဲတော်များကို ပထမအကြိမ်အဖြစ် ၁၉၉၂ ခုနှစ်တွင် ရန်ကုန်မြို့၌ အားကစားနည်း ၂၂ မျိုးဖြင့် လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၁၉၉၄ ခုနှစ်တွင် ရန်ကုန်မြို့၌ အားကစားနည်း ၂၄မျိုးဖြင့် လည်းကောင်း၊ တတိယအကြိမ်အဖြစ် ၁၉၉၇ ခုနှစ်တွင် ရန်ကုန်မြို့၌ အားကစားနည်း ၂၉ မျိုးဖြင့် လည်းကောင်း၊ စတုတ္ထအကြိမ်အဖြစ် ၂၀၁၅ ခုနှစ်တွင် နေပြည်တော်၌ အားကစားနည်း ၂၇ မျိုးတို့ဖြင့် ကျင်းပခဲ့ပြီး ယခု ပဉ္စမအကြိမ် အမျိုးသားကစားပွဲတော်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အားကစားနည်း ၂၃ မျိုး၊ ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်မျိုးနှင့် မသန်စွမ်းအားကစားနည်း လေးမျိုးတို့ဖြင့် ကျင်းပသွားမည်ဖြစ်ရာ အားကစားသမား စုစုပေါင်း ၆၅၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့် အသင်းလိုက်အားကစားနည်းများအတွက် ပွဲစဉ်ဇယားမဲနှိုက်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၉**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်အသင်းလိုက် အားကစားနည်းများအတွက် ပွဲစဉ်ဇယားမဲနှိုက်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။




**ပေါင်းစပ်ညှိနှိုင်း**

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ပြိုင်ပွဲ ကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်နည်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်းနှင့် မသန်စွမ်းအားကစားနည်း လေးနည်းတို့ဖြင့် ကျင်းပသွားမည်ဖြစ်၍ ဝန်ကြီးဌာနအဆင့် အသင်းလိုက်အားကစားနည်းများဖြစ်သည့် ဘောလုံး၊ ဖူဆယ်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း အားကစားနည်းများအတွက် အုပ်စုမဲနှိုက်ခြင်းနှင့် ပွဲစဉ်ဇယားများ ကြိုတင်ရေးဆွဲနိုင်ရေး အတွက် ယခုအခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲယှဉ်ပြိုင်ကစားရာတွင် တရားမျှတမှုရှိစေရေးအတွက် နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့် စည်းမျဉ်း၊ စည်းကမ်းများ၊ အားကစားအဖွဲ့ချုပ်မှ ထုတ်ပြန်အတည်ပြုထားသည့် စည်းမျဉ်း၊ ဥပဒေများကို တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း၍ ထပ်ခါထပ်ခါ အတည်ပြုဆွေးနွေးဆုံးဖြတ်ပြီးမှ ဝန်ကြီးဌာနများသို့ ကြိုတင်ဖြန့်ဝေပေးထားပြီး ဖြစ်သည့်အတွက် ပြိုင်ပွဲဝင်အသင်းများ အနေဖြင့် သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ နည်းဥပဒေများအတိုင်း လိုက်နာယှဉ်ပြိုင်သွားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့် အသင်းလိုက်အားကစားနည်းများ ဖြစ်သည့် ဘောလုံး၊ ဖူဆယ်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း အားကစားနည်းများအတွက် အုပ်စုမဲနှိုက်ခြင်းနှင့် ပွဲစဉ်ဇယားများ ကြိုတင် ရေးဆွဲခြင်းများကို ဆောင်ရွက်သည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်ပြိုင်ပွဲ ကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ဝန်ကြီးဌာနများမှ အသင်းအုပ်ချုပ်သူများ၊ သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စဉ့်ကိုင်မြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက် အထွက်နှုန်း မှတ်တမ်းတင် စံကွက်ရိတ်သိမ်း

**စဉ့်ကိုင် နိုဝင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် တအုံကျေးရွာအုပ်စု ဆောက်အင်းကျေးရွာ တောင်သူ ဦးကျော်နိုင်ဦး၏ ကွင်းအမှတ်(၃၅-ခ)၊ ဦးပိုင်အမှတ်(၁၂၃/၁)၊ မျိုးအမည် (ဆင်းသုခ) ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက် ငါးဧက စိုက်ခင်း၌ အထွက်နှုန်းမှတ်တမ်းတင် စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၈ ရက်က ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းထိန်က စပါးပန်းတိုင် အထွက်နှုန်းတင်း ၁၀၀ ကျော် ထွက်ရှိရေး အတွက် မျိုး၊ မြေ၊ ရေ၊ နည်းပညာနှင့် တောင်သူလယ်သမားဘဝ တိုးတက်ပြောင်းလဲလာ၍ အကျိုးအမြတ်ပိုမိုရရှိစေရေးနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်က မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရေး မှတ်တမ်းတင် စံကွက်ရိတ်သိမ်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အထွက်နှုန်းမှတ်တမ်းတင် စံကွက်ရိတ်သိမ်းရာတွင် တောင်သူဦးကျော်နိုင်ဦး၏ တစ်ဧကပန်းတိုင်အထွက်နှုန်းမှာ ဆင်းသုခစပါးမျိုး ၀ ဒသမ ၁၀ ဧက စံကွက်အစိုထွက် ၁၂၃ ဒသမ ၇၅ တင်းနှင့် အခြောက်ထွက် ၁၁၃ ဒသမ ၇၅ တင်းထွက်ရှိကြောင်း သိရသည်။

**ဝင်းဝင်းသန်း**
**(စဉ့်ကိုင်)**



# ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်း ရေလမ်းကြောင်းများဖော်ထုတ်ခြင်းနှင့် ရှေးဟောင်းရေကန် ၉၁ ကန် ပြန်လည်တူးဖော်ထိန်းသိမ်း ကန်ဆယ်ခြင်းလုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ဝန်ကြီးဌာနများနှင့် ရေကန်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၉

**ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရေကြီးရေလျှံမှုများ ထပ်မံမဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေလမ်းကြောင်းများဖော်ထုတ်ခြင်းနှင့် ရှေးဟောင်းရေကန် (၉၁)ကန် ပြန်လည်တူးဖော်ထိန်းသိမ်းကန်ဆယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ဝန်ကြီးဌာနများနှင့် ရေကန်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့တွင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်) ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ဒုတိယဝန်ကြီးများနှင့် ရေကန်အလှူရှင်များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်၊ UNESCO ၏ အကြံပြုချက်တို့ကို အကောင်အထည်ဖော်ရန်အတွက် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်းရှိ ရှေးဟောင်းရေကန် ၁၀၆ ကန်အနက် ပြန်လည်တူးဖော် ပြုပြင်ထိန်းသိမ်းရန်လိုအပ်သော ရေကန် ၉၁ ကန်ကို ကွင်းဆင်း လေ့လာခဲ့ပါကြောင်း၊ ပုဂံခေတ် ရှေးဟောင်းရေလမ်းကြောင်း အဓိကသုံးကြောင်းကိုလည်း နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနတို့၏ ပူးပေါင်းကူညီမှုဖြင့် ပြန်လည်ဖော်ထုတ်ပြုပြင်ခဲ့ကြောင်း၊ ရေကန်များကို ပြုပြင်ထိန်းသိမ်းတူးဖော်ကန်ဆယ်ခြင်းနှင့် ရှေးဟောင်းရေလမ်းကြောင်းများ ဖော်ထုတ်ထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိသော ဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး၊ ရေကန်များ ပြုပြင်ထိန်းသိမ်းတူးဖော် ကန်ဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေများ လှူဒါန်းပေးသော အလှူရှင်များအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ရေလမ်းကြောင်းများဖော်ထုတ်နေမှုအခြေအနေနှင့် ရေကန်များကို ပြုပြင်ထိန်းသိမ်းတူးဖော် ကန်ဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆောင်ရွက်ဆဲအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေတို့ကို Power Point၊ Video Short Clip များဖြင့် အသေးစိတ် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ပုဂံဒေသရှိရှေးဟောင်းရေကန်များ ပြန်လည်တူးဖော်ရန် ရေကန်တစ်ကန်ချင်း လှူဒါန်းခဲ့သည့် အလှူရှင် ၃၂ ဦးတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဆောင်ရွက်ပြီးစီးမှုမှတ်တမ်းဓာတ်ပုံနှင့် ရေကန်ဆိုင်ရာ အချက်အလက်များကို ပေးအပ်ရာ အလှူရှင်များကိုယ်စား သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ငြိမ်း) သူရ ဦးမြင့်မောင်က ရေကန်များလှူဒါန်းရခြင်းအကြောင်းနှင့် ရေကန်များ လှူဒါန်းရသဖြင့် ဝမ်းမြောက်သဒ္ဓါပွားများရပါကြောင်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပိဋကတ်သုံးပုံ အင်္ဂလိပ်ဘာသာ ပြန်ဆိုခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ တိပိဋကပါဠိ မြန်မာအဘိဓာန်အား အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် အန္တရာယ်ကင်း ပရိတ်တော်များ ပုံနှိပ်ထုတ်ဝေနေမှုများကို ပြည်ထောင်စုဝန်ကြီးက ဗီဒီယိုမှတ်တမ်း၊ ဓာတ်ပုံမှတ်တမ်းများနှင့်တကွ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော အလှူရှင်များအား ခင်းကျင်းပြသထားသည့် အဋ္ဌကထာစာအုပ်များ၊ ပိဋကတ်သုံးပုံ အင်္ဂလိပ်ဘာသာပြန် စာအုပ်များ၊ အဘိဓာန်စာအုပ်များ၊ အန္တရာယ်ကင်းပရိတ်တော်စာအုပ်များကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ၂၀၁၉ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကျင်းပနေမှု ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

၂၀၁၉ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ ပုလဲအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေးမှုနှင့် တင်ဒါအောင်သည့် စာရင်းများ ထုတ်ပြန်ပေးနေမှု၊ မဏိရတနာကျောက်စိမ်း ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များ ဖွင့်လှစ်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယနေ့ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြပြီး ပြပွဲတွင် ရောင်းချမည့် ပုလဲအတွဲအမှတ်(၁)မှ အတွဲအမှတ်(၁၄၀) အထိ ပုလဲအတွဲများကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေး၍ ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့နောက် ပုလဲအတွဲအမှတ်(၁)မှ အတွဲအမှတ် (၁၄၀) အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း ၁၀၈ တွဲ ရောင်းချရကြောင်း ကြေညာသည်။

ယနေ့ ရောင်းချခဲ့ရသည့် ပုလဲအတွဲများကို အမေရိကန်ဒေါ်လာဖြင့် အခြေခံဈေးသတ်မှတ်ထားပြီး ဝယ်ယူခွင့်ရရှိသည့် ပြည်ပ ရတနာကုန်သည်များ အနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့်လည်းကောင်း၊ ပြည်တွင်း ရတနာ ကုန်သည်များအနေဖြင့် နိုင်ငံခြားငွေ သို့မဟုတ် ကျပ်ငွေဖြင့်လည်းကောင်း ပေးချေဝယ်ယူနိုင်မည်ဖြစ်သည်။

ပြပွဲတတိယနေ့တွင် ပုလဲအတွဲအမှတ်(၁၄၁)မှ အတွဲအမှတ် (၂၈၀)အထိကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း ပြည်ပရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးမည်ဖြစ်သည်။

ထို့ပြင် မဏိရတနာကျောက်စိမ်း ခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ယခုကျင်းပသည့် ၂၀၁၉ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၂၈၀ ၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် အုပ်စု (အေ၊ ဘီ၊ စီ) သုံးအုပ်စု ခွဲခြားထားသည့် ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ တို့ကို ပြည်တွင်း ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# တောင်ငူမြို့၌ အမျိုးသားအောင်ပွဲနေ့အကြို ဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

**တောင်ငူ နိုဝင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးကြီးမှူး၍ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို ဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက တောင်ငူခရိုင်လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

ဦးစွာ တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာပုံ၊ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ၊ ဟောပြောဆွေးနွေးပြီး ကျပန်းစကားပြောပြိုင်ပွဲကို ကျင်းပရာ တောင်ငူမြို့နယ်အတွင်းရှိ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းနှင့် ဇီးပင်သာအခြေခံပညာအထက်တန်းကျောင်း(ခွဲ) တို့မှ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် နိုဝင်ဘာ ၁၉**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

(၂၃)ကြိမ်မြောက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်

မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၀၊ ၂၁၊ ၂၂)ရက် နေပြည်တော်

## ကရင်ပြည်နယ်ဝန်ကြီးချုပ် အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင်(၁၀၀)တွင် တက်ရောက်ဆေးကုသမှုခံယူနေသူများအား အာဟာရဖြည့်စွက်အစားအစာများထောက်ပံ့

**ဘားအံ နိုဝင်ဘာ ၁၉**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင်(၁၀၀)တွင် တက်ရောက် ဆေးကုသမှုခံယူနေသူများအား ရင်းနှီးနွေးထွေးစွာ သွားရောက်တွေ့ဆုံ အားပေး၍ အာဟာရဖြည့်စွက် အစားအစာများ ထောက်ပံ့ပေးအပ်သည်။

အဆိုပါဆေးရုံသည် ကရင်ပြည်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားမိသားစုဝင်များနှင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသော ဆေးရုံတစ်ရုံဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆေးရုံ ပြင်ပလူနာဌာနတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူနေကြသော တပ်မတော်သား မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများပြောကြားပြီး ဆေးရုံတက်ရောက်ကုသမှု ခံယူနေကြသော တပ်မတော်သား၊ ရဲမေ၊ မိသားစုဝင်များနှင့် ပတ်ဝန်းကျင်ဒေသများမှ ဒေသခံပြည်သူများအား တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်လာမှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ ဆေးရုံတက်ရောက်ကုသမှု ခံယူနေသူများအား ကြက်ဥ၊ ဘီစကွတ်၊ ကွေကာအုတ်၊ ခေါက်ဆွဲခြောက် အစရှိသော အာဟာရဖြည့်စွက် အစားအစာများကို ထောက်ပံ့ပေးအပ်သည်။ (ဓါတ်ပုံ)



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဆေးရုံတွင် တာဝန် ထမ်းဆောင်လျက်ရှိသော တပ်မတော်သားပါရဂူများ၊ ဆရာဝန်များ၊ ဆေးမှူး၊ သူနာပြုနှင့်အကူဝန်ထမ်းများအတွက် ငွေကျပ် ၁၀ သိန်းကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နှီးနှောဖလှယ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**မန္တလေး နိုဝင်ဘာ ၁၉**



မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှီးနှောဖလှယ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးစီးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဦးစီးကော်မတီနှင့် ဆပ်ကော်မတီ များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ပျိုးရေး၊မွေးမြူရေးနှင့် MSME လုပ်ငန်းများနှင့်စပ်လျဉ်း၍ နည်းပညာဗဟုသုတများ အပြန်အလှန်မျှဝေနိုင်စေရန်တို့အတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ မျိုး၊ မြေ၊ ရေ၊ နည်း အခြေခံသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME ပြခန်းများကို ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း၊ ဒေသအသီးသီးမှ တောင်သူများ တွေ့ကြုံနေရသည့် လုပ်ငန်းဆိုင်ရာ လက်တွေ့ လုပ်ဆောင်နေရသော အခြေအနေများနှင့် ဗဟုသုတများကို အချင်းချင်းအပြန်အလှန်မျှဝေကြရင်း တစ်ဦးတစ်ယောက် အခက်အခဲကိုဝိုင်းဝန်းကူညီအဖြေရှာခြင်းဖြင့် ပိုမိုကောင်းမွန်သော ရလဒ်ကောင်းများ ထွက်ပေါ်လာအောင် အားလုံးပူးပေါင်း၍ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး နှီးနှောဖလှယ်ပွဲကို နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြှင့်တင်အားပေး တိုင်းရင်းဆေး

❊ ဟိုရှေးအခါ၊ ပြည်မြန်မာဝယ်
ရိုးရာဆင့်ကမ်း၊ ဂုဏ်တင့်လျှမ်းသည့်
စွမ်းထက်ဆေးဝါး၊ ကုထုံးများဖြင့်
သမားစုံထွေ၊ ရှိခဲ့ပေမို့
တောနေမြို့ပြ၊ မကျန်ရတည့်
ထိုမှနန်းတွင်း၊ နယ်စုံချဉ်းကာ
မင်းမှူးမတ်ထိ၊ အားထားဘိလျက်
တည်ရှိခိုင်မာ၊ ထင်ရှားစွာပင်
မြန်မာတိုင်းရင်း ဆေးဝါးများ ...။
မြန်မာ့ရိုးရာ ကုထုံးများ ...။

❊ ယနေ့ချိန်ခါ၊ တိုးတက်လာသည့်
ဓာတုဆေးဝါး၊ အပြားပြားလျှင်
များလှစုံလင်၊ ပုံအပင်တည့်
ဝင်ရောက်လာကြ၊ စွမ်းထက်စွဟု
ဆိုကြသိကြ၊ လက်ခံကြလည်း
မြန်မာ့ရိုးရာ၊ ဆေးနည်းမှာလည်း
"အနာသိက၊ ဆေးရှိစွ"ဟု
မြွက်ဟသည်ထိ ဂုဏ်ဟိတ်ရှိ...။

❊ ခေတ်ပေါ်ဓာတု၊ ဆေးဝါးစုလည်း
အားပြိုင်ယှဉ်ကြည်၊ မီချင်မီလေ့
တည်နေရိုးရာ၊ ဆေးပညာလည်း
ခိုင်မာသက်ဆုံး၊ သုံးချင်သုံးလေ့
စုံနှုန်းမီစွာ၊ နာရောဂါကို
သက်သာပျောက်ကင်း၊ ရလဒ်ထင်းမှ
ရှင်းလင်းကျနု၊ လက်ခံကြလိမ့်။

❊ ယနေ့ကာလ၊ ပစ္စက္ခဝယ်
ကဏ္ဍစုံစွာ၊ အရာရာ၌
ပြည်ရွာလူမှု၊ ကောင်းကျိုးရှု၍
ပေါင်းစုမြှင့်တင်၊ ချိန်ခါပင်မို့
တော်ဝင်ထင်ရှား၊ ဘိုးဘေးများ၏
ဆေးဝါးကုထုံး၊ နန်းတွင်းသုံးကို
နှုန်းစံပြည့်မီ၊ ခေတ်အညီလျှင်
တည်နေမပျက်၊ အဘက်ဘက်၌
တိုးတက်စေရေး၊ ချင့်မျှော်တွေး၍
အားပေးမြှင့်တင်ကြပါစို့ ...။ ။

(တိုင်းရင်းဆေးသမားတော်များညီလာခံကိုကြိုဆိုလျက်)

**ဘိုမျိုး(ရွှေဘို)**

## ကန်ကြီးထောင့်မြို့နယ်၌ ကာကွယ်ဆေးများထိုးနှံပေး

**ကန်ကြီးထောင့် နိုဝင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ အသက် ငါးနှစ်ပြည့်ပြီး ခုနစ်နှစ် မကျော်သော KG ကျောင်းသားကျောင်းသူများကို ဆုံဆို့မေးခိုင်ကာကွယ်ဆေး ဒုတိယအကြိမ် ထပ်ဆောင်းကာကွယ်ဆေး ကျောင်းအခြေပြုထိုးနှံခြင်းနှင့် အသက်ကိုးနှစ်ပြည့်ပြီး ၁၀ နှစ်မကျော်သော ကျောင်းသူများအား သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေး(HPV) ကျောင်းအခြေပြုထိုးနှံခြင်းကို နိုဝင်ဘာ ၁၈ ရက်က အ.ထ.က–ကန်ကြီးထောင့်၊ အ.ထ.က – ဒါးက နှင့် အ.ထ.က – တကုန်းကြီးတို့တွင် ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကန်ကြီးထောင့်မြို့နယ်ရှိ ကျောင်းသားကျောင်းသူများအား ကျန်းမာရေးဝန်ထမ်းများက ဆုံဆို့မေးခိုင်ကာကွယ်ဆေး (DT) ဒုတိယအကြိမ် ထပ်ဆောင်းကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV) များကို စနစ်တကျထိုးနှံပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# ပြည်ထောင်စုပန်းများ လှပဝင့်ထည်စွာ သင်းပျံ့ခဲ့သော နေ့ရက်များ

ဇော်လင်း

"အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သလို အနာဂတ် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေး၏ အခြေခံဇာစ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ညီညွတ်စွာ၊ အချင်းချင်း အပြန်အလှန် ချစ်ခင်လေးစားမှုဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီးတည်ဆောက်မည်ဟူသော ခိုင်မာသည့်သန္နိဋ္ဌာန်သည် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်ပါသည်။ ငြိမ်းချမ်းတည်ငြိမ်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ခိုင်ခိုင်မာမာ တည်ဆောက်ရမည်ဖြစ်ရာ အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များကိုလည်း ပြုစုပျိုးထောင်သွားရမည်ဖြစ်ပါသည်။"

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာတွင် ဖော်ပြထားပါသည်။

## နိုင်ငံတော်တည်ဆောက်ရေး

နိုင်ငံတော်တည်ဆောက်ရေးအတွက် စည်းလုံးညီညွတ်သော ပြည်ထောင်စုကြီး၊ ငြိမ်းချမ်းတည်ငြိမ်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအား **"ပြည်ထောင်စုစိတ်ဓာတ်"** ဖြင့်သာ တည်ဆောက်သွားရမည်ဖြစ်သည်။ သို့ဖြစ်လျှင် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာရင့်သန်အောင် ပြုစုပျိုးထောင်ပေးနိုင်ခဲ့ပြီး ပြည်ထောင်စုပန်းများ လှပဝင့်ထည်စွာ သင်းပျံ့ခဲ့သော နေ့ရက်များအကြောင်း ပြောပြလိုပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနဟူ၍ ဌာနကြီးနှစ်ခုဖြင့် ဖွဲ့စည်းထားပါသည်။ ဝန်ကြီးဌာန၏ ဦးတည်ချက် (၈) ရပ်တွင် **"နယ်စပ်ဒေသမှ တိုင်းရင်းသားလူငယ်များအား အခြေခံနှင့် အဆင့်မြင့်၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားလေ့ကျင့်ပေးရန်"**ဟူသော ဦးတည်ချက်နှင့်အညီ အခြေခံပညာရပ်များအတွက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၅ ကျောင်း၊ အထောက်ပံ့ခံပရဟိတကျောင်း ၂၉ ကျောင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များအတွက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်း ၉ ကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၄၆ ကျောင်း၊ အဆင့်မြင့်ပညာရပ်များအတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း) တို့ကို တည်ထောင်ဖွင့်လှစ်ထားပါသည်။



နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(စစ်ကိုင်း)၊ ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ် (၁၇) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနား၌ သင်တန်းဆင်း ဂုဏ်ပြုအမှာစကားပြောကြားစဉ်။ (၃၀-၁၀-၂၀၂၄ ရက်)

## ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုခိုင်မြဲလာစေရန်

ထို့ပြင်မက ဝန်ကြီးဌာန၏ လုပ်ငန်းစဉ်(၁၈)ရပ်တွင် **"နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ အတူတကွ နေထိုင်ပညာရှာမှီးရင်း တိုင်းရင်းသားအချင်းချင်း ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို နားလည်ရင်းနှီးစေခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုခိုင်မြဲလာစေရန် ပြုစုပျိုးထောင်ပေးခြင်း"** ဟူသော အချက် ပါဝင်ပါသည်။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)၏ ပညာရေးဘွဲ့ ငါးနှစ်သင်တန်းအမှတ်စဉ်(၆)မှ ကျောင်းသား၊ ကျောင်းသူများသည် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ဩဝါဒခံယူခဲ့ပြီး ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ကျင်းပခဲ့ပါသည်။

## အလုပ်ခန့်အပ်လွှာပေးအပ်

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)၏ ဝိဇ္ဇာ/ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာ အမှတ်စဉ်(၁၇)တို့၏ ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် အလုပ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားအား ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့နှင့် ၃၀ ရက်နေ့၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)၏ ဝိဇ္ဇာ/သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာ အမှတ်စဉ်(၂၀)တို့၏ ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် အလုပ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားအား ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့နှင့် ၂ ရက်နေ့တို့တွင်လည်းကောင်း အသီးသီးကျင်းပခဲ့ပါသည်။ ဒီဂရီကောလိပ် (စစ်ကိုင်း)တွင် ဝိဇ္ဇာ/ သိပ္ပံဘွဲ့ ၁၇၄ ဦး၊ A.G.T.I ဒီပလိုမာ ၄၇ ဦးနှင့် ဒီဂရီကောလိပ်(ရန်ကုန်)တွင် ဝိဇ္ဇာ/ သိပ္ပံဘွဲ့ ၁၅၂ ဦး၊ A.G.T.I ဒီပလိုမာ ၅၅ ဦး စုစုပေါင်း ၄၂၈ ဦးအား သက်ဆိုင်ရာ ဘွဲ့၊ ဒီပလိုမာများပေးအပ်ပြီး ဝန်ကြီးဌာနအသီးသီးမှ အလုပ်ခန့်အပ်လွှာများ ပေးအပ်နိုင်ခဲ့ပါသည်။

## MSMEs လုပ်ငန်းများတွင် ဦးဆောင်ပါဝင်ရန်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေးအမှတ်စဉ် (၁/ ၂၀၂၃) တွင် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **"ဒီဂရီကောလိပ်ကျောင်းဆင်း ကျောင်းသား၊ ကျောင်းသူများအား မိမိဒေသအုပ်ချုပ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် MSMEs လုပ်ငန်းများတွင် ဦးဆောင်ပါဝင်ရန်"**ဟူသော လမ်းညွှန်ချက်နှင့်အညီ ဒေသအုပ်ချုပ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဝိဇ္ဇာ/ သိပ္ပံဘွဲ့ရ လူငယ်များ၏ ၅၀ ရာခိုင်နှုန်းအား ပြည်ထဲရေးဝန်ကြီးဌာန၊ ၂၀ ရာခိုင်နှုန်းအား နယ်စပ်ရေးရာဝန်ကြီးဌာန၊ ၁၅ ရာခိုင်နှုန်းစီအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန တို့သို့ ခွဲဝေပေးခဲ့ပါသည်။ MSMEs လုပ်ငန်းများတွင် ဦးဆောင်ပါဝင်နိုင်ရန် A.G.T.I ဒီပလိုမာရရှိသူများအား နယ်စပ်ရေးရာဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လျှပ်စစ် စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့သို့ ၂၀ ရာခိုင်နှုန်းစီ ခွဲဝေတာဝန်ပေးအပ်ပါသည်။

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့် မန္တလေး) တို့အား ၂၀၀၀-၂၀၀၁ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင်

*စာမျက်နှာ ၁၁ သို့*

**○ "နယ်စပ်ဒေသမှ တိုင်းရင်းသားလူငယ်များအား အခြေခံနှင့် အဆင့်မြင့်၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားလေ့ကျင့်ပေးရန်"ဟူသော ဦးတည်ချက်နှင့်အညီ အခြေခံပညာရပ်များအတွက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၅ ကျောင်း၊ အထောက်ပံ့ခံပရဟိတကျောင်း ၂၉ ကျောင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များအတွက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်း ၉ ကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၄၆ ကျောင်း၊ အဆင့်မြင့်ပညာရပ်များအတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း)တို့ကို တည်ထောင်ဖွင့်လှစ်ထား**

*စာမျက်နှာ ၁၀ မှ*
တည်ရှိပါသည်။ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(မန္တလေး) အား ၂၀၁၄ ခုနှစ်တွင် အုန်းတောကျေးရွာ စစ်ကိုင်းမြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။ ဒီဂရီကောလိပ်နှစ်ကျောင်းတွင် ဝိဇ္ဇာ/ သိပ္ပံဘာသာရပ်များနှင့် အင်ဂျင်နီယာဘာသာရပ်များ သင်ကြားပေးလျက်ရှိသည်။ ဒီဂရီကောလိပ်များတွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ သင်တန်းများအတွက် လေးနှစ်၊ A.G.T.I ဒီပလိုမာ သင်တန်းအတွက် သုံးနှစ် သင်ကြားရပါသည်။

ဒီဂရီကောလိပ်များတွင် နယ်စပ်ဒေသများမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသော တိုင်းရင်းသားလူငယ်လေးများနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပျိုးထောင်လျက်ရှိသည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းအသီးသီးမှ တိုင်းရင်းသားလူငယ်လေးများအား သင်တန်းရွေးချယ်ရေးကော်မတီက ဝင်ခွင့်အရည်အချင်း သတ်မှတ်ချက် ၂၄ ချက်နှင့်အညီ ရွေးချယ်ပါသည်။ အဓိကအားဖြင့် နယ်စွန်နယ်ဖျားဒေသ၊ ပြည်ထောင်စုတိုင်းရင်းသား၊ မိဘမဲ့(သို့မဟုတ်) မိမဲ့ (သို့မဟုတ်) ဖမဲ့၊ ဆင်းရဲနွမ်းပါးပြီး ပညာကို လိုလားကြိုးစားသင်ယူလိုသူများကို ဦးစားပေးရွေးချယ်ပါသည်။

**လိုလေသေးမရှိ ထောက်ပံ့ပေးထား**

ဒီဂရီကောလိပ်၏ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံတော်က စားဝတ်၊ နေရေး၊ ကျန်းမာရေးကစ၍ အစစအရာရာ လိုလေသေးမရှိ ထောက်ပံ့ပေးထားပါသည်။ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ရိက္ခာစိုင်ငွေများအပြင် ဝတ်စုံများအနေဖြင့် တိုက်ပုံ၊ ဆာဖာရီ၊ လည်ကတုံး၊ လုံချည်၊ ဘောင်းဘီ၊ ရင်ဖုံး (လက်ရှည်)၊ တီရှပ်၊ ဘောင်းဘီရှည်၊ လက်ဆွဲအိတ်၊ ညှပ်ဖိနပ်၊ ကင်းဘတ်ဖိနပ်၊ ခြေအိတ်၊ အိပ်ရာပစ္စည်းများ၊ စာရေးကိရိယာများ၊ လစဉ်မုန့်ဖိုး စသည်ဖြင့် ကျောင်းသား၊ ကျောင်းသူများ လိုအပ်ချက်ကို ပြည့်မီစွာ ထောက်ပံ့ပေးထားပါသည်။

ထို့ပြင်သာမက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ခန္ဓာဖွံ့ဖြိုး၊ ကြံ့ခိုင်ရေးအတွက် နေ့စဉ်ကြက်ဥ နှစ်လုံး၊ နွားနို့ ၂၀ ကျပ်သားအပြင် ဂျုံဖြင့်ပြုလုပ်ထားသော အစားအစာကို တစ်ပတ်လျှင်ငါးရက်နှုန်းဖြင့် ကျွေးမွေးရန် စီမံဆောင်ရွက်ပေးခဲ့ပါသည်။ နိုင်ငံတော်အကြီးအကဲ၏ စေတနာသည်ကြီးမားသကဲ့သို့ ဤကျောင်းသား၊ ကျောင်းသူများအပေါ် နိုင်ငံတော်မှ မည်မျှအထိ မျှော်လင့်ချက်ကြီးမားကြောင်း ပေါ်လွင်စေပါသည်။ အဘယ်ကြောင့်နည်း။

အဘယ်ကြောင့်ဆိုသော် ပြည်ထောင်စုတိုင်းရင်းသားများအတွက် ပြည်ထောင်စုကျောင်းတော်များဖြစ်သောကြောင့်ဖြစ်သည်။ ပြည်ထောင်စုကျောင်းတော်များတွင် ပြည်ထောင်စုကြီးအတွက် အသက်ဝိညာဉ်သဖွယ်အရေးကြီးသော ပြည်ထောင်စုစိတ်ဓာတ်ကို လေ့ကျင့်ပျိုးထောင်ပေးသောကြောင့်ဖြစ်သည်။

ဤကျောင်းတော်ကြီးများ၏ ရည်ရွယ်ချက်များတွင် “**ပြည်ထောင်စုတိုင်းရင်းသား လူငယ်များသည် ပညာရှာမှီးရင်း တိုင်းရင်းသားအချင်းချင်း ပိုမိုစည်းလုံးချစ်ခင်လျက် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲသည့် လူငယ်များဖြစ်လာစေရန်**”ဟူသော အချက် ပါဝင်ပါသည်။

ကျောင်းသား၊ ကျောင်းသူများ နေ့စဉ်ရွတ်ဆိုရသော သစ္စာအဓိဋ္ဌာန်လေးချက်ကိုလည်း တင်ပြလိုပါသေးသည်-

**(က) ကျွန်ုပ်တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရှိသေပါမည်။**

**( ခ ) ကျွန်ုပ်တို့သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အသက်ပေး၍ ကာကွယ်စောင့်ရှောက်ပါမည်။**

**( ဂ ) ကျွန်ုပ်တို့သည် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ နိုင်ငံတော်ကို တည်ဆောက်သူများဖြစ်အောင် ကြိုးစားအားထုတ်ပါမည်။**

**(ဃ) ကျွန်ုပ်တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ပေးအပ်သော တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ပါမည်။**” ဟူ၍ ဖြစ်ပါသည်။

ဤကဲ့သို့ ဒို့တာဝန်အရေးသုံးပါးကို အသက်ပေး၍ ကာကွယ်စောင့်ရှောက်သော၊ ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ နိုင်ငံတော်ကိုတည်ဆောက်မည်ဟု သစ္စာအဓိဋ္ဌာန်ပြုသော ကျောင်းသား၊ ကျောင်းသူများကို မည်ကဲ့သို့ ပျိုးထောင်ပါသနည်း။ နံနက် ၀၅၀၀ နာရီ အိပ်ရာထချိန်မှစ၍ ည ၂၂၀၀ နာရီ မီးပိတ်ချိန်အထိ စည်းကမ်းစနစ်ကျနစွာ လေ့ကျင့်ပျိုးထောင်ပေးပါသည်။

**တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်**

ဤကျောင်းတော်ကြီး၏ အိပ်ဆောင်များတွင် တိုင်းရင်းသားပေါင်းစုံစုစည်း၍ နေထိုင်ကြရသည်။ ဤကျောင်းတော်ကြီး၏ စာသင်ဆောင်များတွင် တိုင်းရင်းသားပေါင်းစုံစုစည်း၍ ပညာသင်ကြားရသည်။ ဤကျောင်းတော်ကြီး၏ စားရိပ်သာများတွင် တိုင်းရင်းသားပေါင်းစုံ စုစည်း၍ စားသောက်ကြရသည်။ ဤကျောင်းတော်ကြီး၏ အားကစားအချိန်များတွင် တိုင်းရင်းသားပေါင်းစုံ စုစည်း၍ အားကစားလေ့ကျင့်ခန်းများ ပြုလုပ်ကြရသည်။ ဤကျောင်းတော်ကြီးများ၏ ဖွံ့ဖြိုးရေးအချိန်များတွင် ဖွံ့ဖြိုးရေးဘာသာရပ်များသာမက တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုများ ဖလှယ်ခွင့်ရရှိကြသည်။ ဤကျောင်းတော်များတွင် တိုင်းရင်းသားအချင်းချင်း Guardian စနစ်ထားရှိသည်။ Senior ကျောင်းသား၊ ကျောင်းသူများက Junior ကျောင်းသား၊ ကျောင်းသူများကို အစ်ကိုကြီးသဖွယ်၊ အစ်မကြီးသဖွယ် အုပ်ချုပ်ရသည်။ သူတို့၏ အဆောင်မှူးများ၊ ဆရာ ဆရာမများသည်လည်း အများအားဖြင့် ဤကျောင်းဆင်း တိုင်းရင်းသား၊ တိုင်းရင်းသူများပင်ဖြစ်ကြပါသည်။

ဤကဲ့သို့သော နေထိုင်စားသောက်ပုံစနစ်က သူတို့တစ်တွေ၏ စိတ်ဝိညာဉ်တွင် သူတို့တစ်တွေသည် ပြည်ထောင်စုသား၊ သွေးသားညီရင်းအစ်ကို၊ မောင်ရင်းနှမများဟူသည့် စိတ်ဓာတ်ကို အလိုအလျောက် ဖြစ်ထွန်းစေခဲ့သည်။ ဤကျောင်းတော်များသည်ကား ပြည်ထောင်စုကျောင်းတော်များဖြစ်သည်။ ဤနိုင်ငံသည်ကား ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်သည်။ သူတို့တစ်တွေသည် ဤကျောင်းတော်များကို ချစ်ကြသည်။ သူတို့တစ်တွေသည် ဤနိုင်ငံတော်ကို ချစ်ကြသည်။ သူတို့အချင်းချင်း၏ လေးနှစ်တာ တွယ်တာခဲ့သော သံယောဇဉ်သည်လည်း ခိုင်မာလွန်းကာ တစ်မိတည်းဖွား မောင်နှမများကဲ့သို့ လက်သည်းဆိတ်၊ လက်ထိပ်က နာကြသူများဖြစ်သည်။

**“စာတွေ့အားဖြင့် ပြည်ထောင်စုစိတ်ဓာတ်၏ အရေးပါမှုကို နားလည်သဘောပေါက်ကြပြီး လက်တွေ့အားဖြင့် တိုင်းရင်းသား အချင်းချင်း အတူတကွနေထိုင်၊ ဖေးမကူညီခြင်းဖြင့် ချစ်ခင်ရင်းနှီးမှု ခိုင်မာမှုကိုရရှိကာ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ အဓိပ္ပာယ်ပြည့်ဝစွာ လေ့ကျင့်သင်ကြားပေးခြင်းဖြစ်သည်။ ရလဒ်သည်ကား ပြည်ထောင်စုစိတ်ဓာတ်ကို အခြေတည်၍ အမျိုးဂုဏ်နှင့် ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်နိုင်သော၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်သော အနာဂတ်နိုင်ငံတော်ကြီးအတွက် ဦးဆောင်ဆံမြည့် နိုင်ငံ့ဝန်ကို ထမ်းကြမည့် တိုင်းရင်းသားလူငယ်များအဖြစ် မွေးဖွားသန့်စင်နိုင်ခြင်းပင်ဖြစ်”**

ဤကျောင်းတော်ကြီးတွင် သက်ဆိုင်ရာ ဝိဇ္ဇာ၊ သိပ္ပံ၊ A.G.T.I ပညာရပ်များကို ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့၏ သင်ရိုးညွှန်းတမ်းများအတိုင်း သင်ကြားရသည်သာမက တိုင်းရင်းသားရေးရာဌာနများ ဖွင့်လှစ်ထားရှိပြီး ပြည်ထောင်စုစိတ်ဓာတ် ဘာသာရပ်၊ အဆင့်မြင့်ယဉ်ကျေးမှု ဘာသာရပ်များကိုပါ သင်ကြားပို့ချပါသည်။ စာတွေ့အားဖြင့် ပြည်ထောင်စုစိတ်ဓာတ်၏ အရေးပါမှုကို နားလည်သဘောပေါက်ကြပြီး လက်တွေ့အားဖြင့် တိုင်းရင်းသားအချင်းချင်း အတူတကွနေထိုင်၊ ဖေးမကူညီခြင်းဖြင့် ချစ်ခင်ရင်းနှီးမှုခိုင်မာမှုကိုရရှိကာ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ အဓိပ္ပာယ်ပြည့်ဝစွာ လေ့ကျင့်သင်ကြားပေးခြင်းဖြစ်သည်။ ရလဒ်သည်ကား ပြည်ထောင်စုစိတ်ဓာတ်ကို အခြေတည်၍ အမျိုးဂုဏ်နှင့် ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်နိုင်သော၊ ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်သော အနာဂတ်နိုင်ငံတော်ကြီးအတွက် ဦးဆောင်ဆံမြည့် နိုင်ငံ့ဝန်ကို ထမ်းကြမည့် တိုင်းရင်းသားလူငယ်များအဖြစ် မွေးဖွားသန့်စင်နိုင်ခြင်းပင်ဖြစ်ပါသည်။

**ထာဝရရှင်သန်နေသော အရှိတရားပင်**

ဤကျောင်းတော်ကြီးမှ ကျောင်းဆင်းများသည် ဒို့တာဝန်အရေးသုံးပါးကို အသက်နှင့်ထပ်တူ ထိန်းသိမ်းကာကွယ်လိုသောစိတ်၊ ပြည်ထောင်စုသားအချင်းချင်း ဥမကွဲသိုက်မပျက် နေထိုင်လိုသောစိတ်၊ ပြည်ထောင်စုကြီးကို ထိပါးမည့်အန္တရာယ်များမှ ကာကွယ်ပေးမည့်စိတ်၊ ပြည်ထောင်စုသားအချင်းချင်း တွဲလက်များမြဲမြံမှ ပြည်ထောင်စု၏ ရန်စွယ်မှန်သမျှ ကာကွယ်နိုင်မည်ဟူသော ခံယူချက်၊ တိုင်းရင်းသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး အေးအတူပူအမျှနေထိုင်၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို အတူတကွ တည်ဆောက်လိုသော စိတ်များသည်ကား ဤကျောင်းဆင်းများ၏ နှလုံးသားတွင် ထာဝရရှင်သန်နေသော အရှိတရားပင်ဖြစ်တော့သည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များသည် စတင်ဖွင့်လှစ်သည့် ၂၀၀၀ ပြည့်နှစ်မှ ယနေ့အချိန်အထိ မဟာဝိဇ္ဇာဘွဲ့ ၁၄၉ ဦး၊ မဟာသိပ္ပံဘွဲ့ ၃၂၇ ဦး၊ မဟာသုတေသနဘွဲ့ ၈၂ ဦး၊ ပါရဂူဘွဲ့ ၃၃ ဦး၊ M.E ဘွဲ့ ၃၇ ဦး၊ ဝိဇ္ဇာဘွဲ့ ၁၁၀၈ ဦး၊ သိပ္ပံဘွဲ့ ၂၂၅၉ ဦး၊ A.G.T.I ဒီပလိုမာ ၁၅၄၀၊ B.Tech ဘွဲ့ ၂၇၄ ဦး၊ စုစုပေါင်း ၅၁၈၃ ဦး မွေးထုတ်ခဲ့ပြီးဖြစ်သည်။ သူတို့တစ်တွေသည် နိုင်ငံတော်၏ ဒေသအသီးသီးတွင် ဝန်ထမ်းကောင်းများအဖြစ် ကျရာတာဝန်များကို ထမ်းဆောင်လျက်ရှိကြပါသည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များ၏ သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားများတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က သင်တန်းဆင်း မိန့်ခွန်းများ မြွက်ကြားရာတွင် “**မောင်တို့မယ်တို့ဟာ ကိုယ်ကျင့်တရားကောင်းတွေကို လေ့ကျင့်မွေးမြူထားတဲ့ နိုင်ငံ့သားကောင်းတွေဖြစ်တာနဲ့အညီ ဘဝခရီးကို မှန်မှန်ကန်ကန် လျှောက်လှမ်းနိုင်သူတွေဖြစ်အောင် မိမိကိုယ်ကိုလည်း အလေးထား၊ ပတ်ဝန်းကျင်ကိုလည်း အလေးထား၊ အမှုမဲ့ အမှတ်မဲ့ဆိုတာ မရှိစေဘဲ အသိတရား၊ သတိတရားတွေနဲ့ စဉ်းစားတွေးခေါ်ပြီး လုပ်ကိုင်ဆောင်ရွက်သွားကြဖို့ မှာကြားလိုတယ်။**”

“**မောင်တို့မယ်တို့ဟာ နိုင်ငံ့ဝန်ထမ်းတွေအဖြစ် တာဝန်ထမ်းဆောင်ကြတဲ့အခါ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများအတိုင်း ကျင့်ဝတ်စည်းကမ်းတန်ဖိုးများကိုသိရှိပြီး လုပ်ငန်းစွမ်းဆောင်ရည်အပြည့်နဲ့ မြင့်မားတဲ့စိတ်ဓာတ်၊ မှန်ကန်တဲ့ခံယူချက် အကျင့်စာရိတ္တကောင်းတွေကို လက်ကိုင်ပြုပြီး နိုင်ငံတော်ရဲ့ တာဝန်တွေကို ကြိုးစားထမ်းဆောင်သွားကြဖို့ မှာကြားလိုတယ်**”ဟု မှာကြားခဲ့ပါသည်။

**လောကကို အလှဆင်ကြတော့မည်**

နှစ်ရှည်လများ ပြုစုပျိုးထောင်ခဲ့ရလေသော သားသမီးများအပေါ် ဖခင်တစ်ဦး၏ ဩဝါဒများဖြစ်သည်။ သူပျိုးထောင်ခဲ့သော ပန်းများ လှပသင်းပျံ့စွာ လောကကို အလှဆင်ကြတော့မည်ဖြစ်၍ ဖခင်ကျေနပ်နေရှာသည်။ သားသမီးများကလည်း ဖခင်၏ ဩဝါဒများကို ရှေ့ဆက်လျှောက်လှမ်းရမည့် ခရီးအတွက် ဘဝ၏ မီးရှူးတန်ဆောင်အဖြစ် ခံယူကာ လိုက်နာကျင့်သုံးကြပေလိမ့်မည်။

အချိန်ကာလသည် လျင်မြန်စွာ ရွေ့လျားတတ်သည့် သဘောရှိနေလေသည်။ ၂၀၀၀-၂၀၀၁ ပညာသင်နှစ်မှစတင်ခဲ့လေသော ဒီဂရီကောလိပ်များသည် ၂၄ နှစ်သက်တမ်းရှိခဲ့လေပြီ။ ကျောင်းဆင်းတိုင်းရင်းသားလေးများသည် ဝန်ကြီးဌာနအသီးသီး၌ တချို့ဆိုလျှင် ညွှန်ကြားရေးမှူးအဆင့်အထိ၊ တချို့က တပ်မတော်တွင် ပြန်တမ်းဝင်အရာရှိအဖြစ် ပေးအပ်သော တာဝန်များကို ဦးလည်မသုန် ထမ်းဆောင်နေကြသည်။ ယခုလည်း လောကကို အလှဆင်မည့်မျိုးဆက်သစ်များကို မွေးထုတ်ပေးနိုင်ခဲ့ပြန်ပြီ။ အချိန်ကာလများ မည်သို့ပင်ပြောင်းလဲပါစေ ဤကျောင်းဆင်းတိုင်းရင်းသား မောင်မယ်များသည် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များ၏ သားသမီးများပီသစွာ နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ နိုင်ငံ့တာဝန်များကို ဦးဆောင်ဆံမြည့် ထမ်းရွက်ကြမည့်ပုံရိပ်များကို မြင်ယောင်ရင်း ဒီဂရီကောလိပ်ကျောင်းဆင်း တိုင်းရင်းသားမောင်မယ်များအား ဂုဏ်ပြုရေးသားလိုက်ပါသည်။ ။

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁၀/၂၀၂၄)

၁။ ကလေးများသည် နိုင်ငံ့ရတနာများဖြစ်ကြရာ ကလေးသူငယ်များ၏ မွေးရာပါအခွင့်အရေးများကို နိုင်ငံများမှ မြှင့်တင်၊ ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကုလသမဂ္ဂက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာသဘောတူစာချုပ် (Convention on the Rights of the Child-CRC) ကို အတည်ပြုချမှတ်ခဲ့ပြီး ယင်းနေ့ကို ကမ္ဘာ့ကလေးများနေ့အဖြစ် သတ်မှတ်ခဲ့ရာ ယခုနှစ်ဆိုလျှင် ၃၅ နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ် ကမ္ဘာ့ကလေးများနေ့အတွက် ဆောင်ပုဒ်မှာ **"အနာဂတ်သာယာကောင်းမွန်ရေး ကလေးများအသံနားထောင်ပေး" "Listen to the future"** ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံသည် ကလေးသူငယ်များ၏ အခွင့်အရေးများကို မြှင့်တင်၊ ကာကွယ်စောင့်ရှောက်နိုင်ရန်အလို့ငှာ ၁၉၉၁ ခုနှစ်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်အတည်ပြုချုပ်ဆိုခဲ့ပြီး ကလေးသူငယ်အခွင့်အရေးများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ကလေးသူငယ်ဥပဒေကို ၁၉၉၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးရန်နှင့် ကလေးသူငယ်အခွင့်အရေးများကို ပိုမိုကာကွယ်စောင့်ရှောက်နိုင်ရန်ရည်ရွယ်၍ ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေကို ရုပ်သိမ်းပြီး ၂၀၁၉ ခုနှစ်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

၃။ ကလေးသူငယ်များသည် နိုင်ငံအနာဂတ်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့်အတွက် ကလေးများငယ်ရွယ်စဉ်ကပင် ကျန်းမာပျော်ရွှင်စွာဖြင့် လွတ်လွတ်လပ်လပ်ကြီးပြင်းလာရန် အရေးကြီးပါသည်။ ကလေးသူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်နေသည်ဖြစ်ရာ ကလေးသူငယ်များဘဝကြီးပွားရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ကလေးသူငယ်အခွင့်အရေးများကိုအလေးထားကာ အစဉ်တစိုက်မြှင့်တင်ကာကွယ်စောင့်ရှောက်ပေးရမည် ဖြစ်ပါသည်။

၄။ ကမ္ဘာတစ်ဝန်းရှိ ကလေးသူငယ်များသည် ဆင်းရဲမွဲတေခြင်း၊ ပဋိပက္ခများကြုံတွေ့ရခြင်း၊ ပညာသင်ကြားခွင့်မရရှိခြင်းနှင့် ခွဲခြားဆက်ဆံခြင်းကဲ့သို့သော အခက်အခဲများနှင့် ရင်ဆိုင်နေရဆဲဖြစ်ပါသည်။ ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများ၊ လိင်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုများ လျော့နည်းပပျောက်စေရေး ကြိုးပမ်းအားထုတ်ရာတွင် အစိုးရအဖွဲ့အစည်းတစ်ခုတည်း ဆောင်ရွက်၍ ရနိုင်မည်မဟုတ်ဘဲ အရပ်ဘက်အဖွဲ့အစည်းများ၊ မိဘများနှင့် ပြည်သူလူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။

၅။ ကလေးသူငယ်များ၏ အခြေခံအခွင့်အရေးများဖြစ်သော အသက်ရှင်သန်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်မှုရရှိရေး၊ လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်ခွင့်ပေးရေး စသည့် အခွင့်အရေးများကို ကလေးများအားလုံး တန်းတူညီမျှ ရရှိခံစားနိုင်ရန်နှင့် အနာဂတ်ဘဝသာယာလှပစေရန် ကလေးများ၏ အသံကိုနားထောင်ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး တာဝန်ရှိသူအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျရောက်သည့် ၃၅ နှစ်မြောက် ကမ္ဘာ့ကလေးများနေ့တွင် တိုက်တွန်းဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာန(တွံတေး) ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး၊ ဦးတင်အောင်နှင့် ဦးသန်းဝင်းတို့သည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ်ရှိ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ကော်မရှင်အဖွဲ့ဝင်များသည် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ အမျိုးသမီးများပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနအတွင်း လက်ခံစောင့်ရှောက် သင်ကြားပေးလျက်ရှိသော အမျိုးသမီးများကို ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာကျွေးမွေးမှု၊ အိပ်ဆောင်များထားရှိမှု၊ အမျိုးသမီးတစ်ကိုယ်ရည်သုံးပစ္စည်းများ လုံလောက်စွာရရှိမှု ၊ သန့်ရှင်းသော သောက်သုံးရေရရှိအောင်ဆောင်ရွက်ပေးမှု၊ ချိုးရေကန်များ သန့်ရှင်းမှုနှင့် ရေလုံလောက်မှု ရှိ မရှိ၊ အကျင့်စာရိတ္တပြုပြင်ပေးခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်လာစေရေး၊ လူမှုဘဝရပ်တည်နိုင်စေရန် စိတ်ခေတ်ခွန်အားများ ထည့်သွင်းပေါင်းစပ်၍ လေ့ကျင့်ပြုစုစောင့်ရှောက်ပေးခြင်းဖြင့် လူ့အသိုင်းအဝိုင်းအတွင်း တန်ဖိုးရှိသော အမျိုးသမီးများအဖြစ် ရပ်တည်နေထိုင်သွားနိုင်စေရေး၊ မိသားစုနှင့်ဆက်သွယ်ခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်၊ ဘဝလုံခြုံရေးနှင့် အသက်မွေးဝမ်းကျောင်းပညာသင်ကြားခွင့်၊ စာတတ်မြောက်မှုမရှိသူများအတွက် အခြေခံအရေး၊ အဖတ်၊ အတွက် သင်ကြားပေးနေမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်နှင့် လူမှုဘဝရပ်တည်နိုင်စေရန် စိတ်ခေတ်ခွန်အားများ ထည့်သွင်းပေါင်းစပ်၍ လက်ခံစောင့်ရှောက်ဆောင်ရွက်ပေးခြင်းစသည့် အခြေခံလူ့အခွင့်အရေးများရရှိအောင် ဆောင်ရွက်ပေးမှု အခြေအနေများနှင့် ကော်မရှင်မှ ယခင်လာရောက်စစ်ဆေးခဲ့စဉ်က အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## သွားလာရေးနှင့်လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၆)ခုတို့မှ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဆေးတက္ကသိုလ်ဝင်ခွင့် လျှောက်လွှာခေါ်ယူကြောင်း ကြေညာချက်

၁။ နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခု(နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)တို့မှ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲကို သိပ္ပံဘာသာတွဲဖြင့်အောင်မြင်ပြီး (၆)ဘာသာစုစုပေါင်းရမှတ် (၄၅၀)နှင့် အထက်ရရှိသူများအနက် အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ(၃)ဘာသာစုစုပေါင်းရမှတ် (အများ/အနည်း)ပေါ်မူတည်၍ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများကို လူတွေ့ နှုတ်မေးစာမေးပွဲစစ်ဆေးပြီး ဆေးတက္ကသိုလ်ဝင်ခွင့်အတွက် ရွေးချယ်ခေါ်ယူသွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ဝေးလံခက်ခဲဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ စာစစ်ဌာနများမှအောင်မြင်ပြီး သတ်မှတ်ချက်များနှင့်ပြည့်စုံ၍ ရမှတ်အကျုံးဝင်သူများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၁၁၂၃၉ နှင့် E-mail dhrhundergraduate@ gmail . com တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
(၁၉-၁၁-၂၀၂၄)

## အင်္ဂပူမြို့မဈေး၌ မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်

**အင်္ဂပူ နိုဝင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်းရှိ ဈေးများတွင် ပွင့်လင်းရာသီ၌ မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရေးအတွက် လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက် ၁၀ နာရီက အင်္ဂပူမြို့မဈေး၌ ဆောင်ရွက်သည်။ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်နည်းသရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးရဲမင်းသိန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ဆီမီးလောင်မှု ငြိမ်းသတ်နည်းနှင့် မီးငြိမ်းသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်မှုတို့ကို လက်တွေ့သရုပ်ပြဆောင်ရွက်သည်။ အဆိုပါသရုပ်ပြလေ့ကျင့်နေမှုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသီဟ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးအောင်နှင့် ဝန်ထမ်းများ၊ အင်္ဂပူမြို့မရဲစခန်းမှူး ဒုရဲမှူးညီဝင်းကျော်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရာသီဥတုပြောင်းလဲမှုသဘာဝဘေးအန္တရာယ် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**သုံးခွ နိုဝင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သစ်တောဦးစီးဌာနအုပ်ချုပ်မှုအောက်ရှိ မဟာမိတ်ကျေးရွာအုပ်စု မဟာမိတ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်း၌ ရာသီဥတုပြောင်းလဲမှု သဘာဝဘေးအန္တရာယ် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၁ နာရီက ကျင်းပပြုလုပ်သည်။

ဦးစွာ သန်လျင်မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင့်နိုင်က မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောရာ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ သိကောင်းစရာများ၊ ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များ၊ နောက်ဆက်တွဲ ဆိုးကျိုးသက်ရောက်မှုများကို ရှင်းလင်းပြောကြားပြီး နယ်မြေတာဝန်ခံတောအုပ်ကြီး ဦးအာကာဝင်းက ဒီရေတော ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေး ဆွေးနွေးပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြသည်။

**စည်သူလင်း**
**(ပြန်/ဆက်)**



# ကမ္ဘာလုံးဆိုင်ရာ မညီမျှမှုပုံစံအမျိုးမျိုးကို အဆုံးသတ်ရေး ဂျီ-၂၀ ခေါင်းဆောင်များတောင်းဆို

ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၁၉

**ကမ္ဘာလုံးဆိုင်ရာ မညီမျှမှုပုံစံအမျိုးမျိုးကို အဆုံးသတ်ရေး တောင်းဆိုသော ဂျီ -၂၀ ခေါင်းဆောင်များ၏ ကြေညာချက်ကို ဂျီ-၂၀ ထိပ်သီးအစည်းအဝေးသဘာပတိ ဘရာဇီးက ထုတ်ပြန်ခဲ့သည်။**




အဆိုပါ ထိပ်သီးအစည်းအဝေးကို ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ကျင်းပလျက်ရှိသည်။ အစည်းအဝေးသို့ တက်ရောက်လာသူများထဲတွင် ဂျပန်ဝန်ကြီးချုပ် အီရှီဘာ ရှိဂဲရုလည်း အပါအဝင်ဖြစ်သည်။ ခေါင်းဆောင်များသည် နိုဝင်ဘာ ၁၉ ရက်တွင် ကြေညာချက်ကို အတည်ပြုပြီး ထိပ်သီးအစည်းအဝေးကို ပိတ်သိမ်းမည်ဖြစ်သည်။

သို့သော်လည်း တက်ရောက်သူများက ပါဝင်သည့် အကြောင်းအရာများကို သဘောတူသည်ဟု မှတ်ချက်ပြုကာ ဘရာဇီးက နိုဝင်ဘာ ၁၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ ဂျီ-၂၀ ၏ အခန်းကဏ္ဍကို ထပ်မံအတည်ပြုရာ၌ ဂျီ-၂၀ ခေါင်းဆောင်များသည် ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းများ၊ စိန်ခေါ်မှုများကို တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို အကောင်အထည်ဖော်ခြင်းတို့တွင် ဖွံ့ဖြိုးဆဲနိုင်ငံများကို ဆက်လက်ကူညီပံ့ပိုးရန် ကတိကဝတ်ပြုထားကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့အပြင် နိုင်ငံအတွင်းနှင့် နိုင်ငံများအကြား ၎င်းတို့ ရင်ဆိုင်နေကြရသော မညီမျှမှုသည် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုအများစု၏ အရင်းခံဖြစ်ကြောင်းကိုလည်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

## တောင်ကိုရီးယားနိုင်ငံ ဟွန်ဒိုင်းစက်ရုံတွင် သုတေသီသုံးဦး အသက်ရှူကျပ်သေဆုံး

**ဆိုးလ် နိုဝင်ဘာ ၁၉**

တောင်ကိုရီးယားနိုင်ငံ ဟွန်ဒိုင်းစက်ရုံတွင် သုတေသီ သုံးဦး အသက်ရှူကျပ်၍ သေဆုံးသွားခဲ့ကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက နိုဝင်ဘာ ၁၉ ရက်တွင် ဖော်ပြလိုက်သည်။

ကားစက်ရုံ၏ ယာဉ်စွမ်းဆောင်မှု စမ်းသပ်ခန်းတွင် လဲကျနေသည့် သုတေသီ သုံးဦးကို အခြားဝန်ထမ်းတစ်ဦးက တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါဖြစ်ရပ်သည် နိုင်ငံ၏ အရှေ့တောင်ဘက် ဆိပ်ကမ်းမြို့ အူလ်ဆန်၌ ဒေသစံတော်ချိန် ညနေ ၃ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ကို ဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း အားလုံးသေဆုံးခဲ့သည်။

ယာဉ်တစ်စီးစာ ခန့်ရှိသည့် စမ်းသပ်ခန်းတွင် အလုပ်လုပ်နေစဉ် အသက်ရှူကျပ် သေဆုံးခဲ့ခြင်း ဖြစ်မည်ဟု ယူဆခဲ့ကြသည်။ အခန်းတွင်း စမ်းသပ်မှုပြုလုပ်နေချိန်အတွင်း ပြင်ပသို့ အိတ်ဇော ထုတ်လွှတ်မှုမလုပ်ခဲ့ဟု ခန့်မှန်းရသည်။ မတော်တဆမှုဖြစ်ပွားမှုနှင့်ပတ်သက်ပြီး တိကျသည့် အကြောင်းရင်းကို ရဲများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

**ဆင်ဟွာ**



အာဖဂန်ပြည်သူတစ်ဦး ငွေသားထောက်ပံ့ကူညီမှု လက်ခံရယူစဉ်။

## အာဖဂန်၌ ဆင်းရဲနွမ်းပါးသော မိသားစုများ ငွေသားထောက်ပံ့ကူညီမှုများ လက်ခံရရှိ

**ဖိုက်ဇာဘတ် နိုဝင်ဘာ ၁၉**

ဆင်းရဲနွမ်းပါးသော မိသားစုပေါင်း ၁၀၀၀ သည် တစ်မိသားစုလျှင် အမေရိကန်ဒေါ်လာ ၄၄၅ ဒေါ်လာခန့် ထောက်ပံ့ကူညီမှုများ လက်ခံရရှိကြောင်း အာဖဂန်လခြမ်းနီအသင်း ညွှန်ကြားရေးမှူး မိုဟာမက် အီဆာဂျာဟစ်က နိုဝင်ဘာ ၁၉ ရက်တွင် ပြောသည်။

နိုင်ငံတကာ ကြက်ခြေနီကော်မတီ (အိုင်အီအာရ်စီ) က ထောက်ပံ့ပေးထားသော အမေရိကန်ဒေါ်လာ ၄၄၅၀၀၀ ခန့်ကို ဖိုက်ဇာဘတ်မြို့နှင့် ၎င်းဝန်းကျင်ရှိ မုဆိုးမများနှင့် မိဘမဲ့များအပါအဝင် ဆင်းရဲနွမ်းပါးသော မိသားစု ၁၀၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများ ရရှိရန်နှင့် ဘေးဒဏ်ခံရှန်း ပြည်နယ်အတွင်းရှိ ဆင်းရဲချို့တဲ့သော မိသားစုများထံ ကူညီပေးနိုင်ရန် ကြိုးပမ်းဆောင်လျက်ရှိကြောင်း ၎င်းက ဆက်ပြောသည်။

အာဖဂန်နစ္စတန် နိုင်ငံတွင် လူပေါင်း ၂၃ ဒသမ ၇ သန်းသို့မဟုတ် နိုင်ငံ့လူဦးရေ၏ ထက်ဝက်နီးပါးသည် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်ကြောင်း လူမှုဝန်ထမ်းရေးရာ ညှိနှိုင်းဆောင်ရွက်မှုရုံး (အိုစီအိတ်ချ်အေ) က ဩဂုတ်လတွင် ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

## တောင်ဆူဒန် ရင်ဆိုင်ကြုံတွေ့နေရသည့် ငတ်မွတ်ခေါင်းပါးမှု အကျပ်အတည်းအပေါ် ကုလသမဂ္ဂအေဂျင်စီများ သတိပေး

**ဂျူဘာ နိုဝင်ဘာ ၁၉**

ဆူဒန်စစ်ပွဲမှ ထွက်ပြေးလာသူများသည် စားရေရိက္ခာမဖူလုံမှု အမြင့်ဆုံးအဆင့်ရှိမည်ဟု ခန့်မှန်းမှုနှင့်အတူ တောင်ဆူဒန်ရင်ဆိုင်ကြုံတွေ့နေရသည့် ငတ်မွတ်ခေါင်းပါးမှု အကျပ်အတည်းနှင့်ပတ်သက်ပြီး ကုလသမဂ္ဂအေဂျင်စီများက နိုဝင်ဘာ ၁၈ ရက်က သတိပေးလိုက်သည်။

တောင်ဆူဒန်၏ စားရေရိက္ခာဖူလုံမှု အချက်အလက်အသစ်များအရ စီးပွားရေးဖိအားများ၊ ရာသီဥတုပြင်းထန်မှုများ၊ ဆူဒန်စစ်ပွဲ၏ အကျိုးသက်ရောက်မှုများနှင့် ဆာလောင်မှုကို ပိုဆိုးစေခြင်းများကြောင့် နေရပ်ပြန်သူများနှင့် ကလေးငယ်များသည် ဆာလောင်ငတ်မွတ်မှုနှင့် အာဟာရချို့တဲ့မှုကို အမြင့်ဆုံး ရင်ဆိုင်ကြုံတွေ့ရနိုင်ခြင်းနှင့် အတူ လူဦးရေ၏ ၅၇ ရာခိုင်နှုန်းသည် ၂၀၂၅ ထွန်ယက်စိုက်ပျိုးချိန်တွင် စားရေရိက္ခာမဖူလုံမှုနှင့် ရင်ဆိုင်ရနိုင်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၊ ကုလသမဂ္ဂအစားအစာနှင့် စိုက်ပျိုးရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့က ပြောကြားလိုက်သည်။

တောင်ဆူဒန်နိုင်ငံ၏ ကုလသမဂ္ဂအစားအစာနှင့် စိုက်ပျိုးရေးအဖွဲ့ ကိုယ်စားလှယ် မီရှပ်ခ်မာလိုက စီးပွားရေး ကျပ်တည်းလာခြင်းနှင့် စားသောက်ကုန်ဈေးနှုန်းများမြင့်တက်ခြင်းက စားရေရိက္ခာမဖူလုံမှု၏ အဓိကမောင်းနှင်အားတစ်ခုဖြစ်လာသည့် အတွက် တောင်ဆူဒန်ပြည်သူများ ၎င်းတို့ကိုယ်တိုင် အစားအစာများကို ထုတ်လုပ်လာနိုင်အောင် ရင်းနှီးမြှုပ်နှံမှုများကို လုပ်ဆောင်ရမည့် အချိန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုသို့ လုပ်ဆောင်ခြင်းက အိမ်သုံးစားနပ်ရိက္ခာဘတ်ဂျက်ကို လျှော့ချရုံသာမက စိုက်ပျိုးရေးကဏ္ဍတွင် အလုပ်အကိုင် အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ပြီး မိသားစုများ၏ ဝင်ငွေလည်း တိုးလာမည်ဖြစ်သဖြင့် ပိုမိုကျန်းမာသည့် အစားအစာများကို ဝယ်ယူနိုင်မည်ဖြစ်ကြောင်း မာလိုက ဆက်လက်ပြောကြားလိုက်သည်။

**ဆင်ဟွာ**

## ဂါဇာ၌ ထောက်ပံ့ကူညီရေး စားရေရိက္ခာတင်ဆောင်လာသော ထရပ်ကား ၁၀၀ ခန့် တိုက်ခိုက်လုယက်ခံရ

**ဂါဇာ နိုဝင်ဘာ ၁၉**

စားရေရိက္ခာ ထောက်ပံ့ကူညီရေး ပစ္စည်းများ တင်ဆောင်လာသော ထရပ်ကား ၁၀၀ ခန့်သည် ဂါဇာကမ်းမြောင်တွင် တိုက်ခိုက်လုယက်ခံခဲ့ရကြောင်း ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီ (ယူအင်န်အာရ်ဒဗလျူအေ) က ပြောကြားသည်။

ဂါဇာကမ်းမြောင်ရှိ လူပေါင်း နှစ်သန်းကျော်မှာ ဆိုးရွားသော စားရေရိက္ခာပြတ်တောက်မှုကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအပေါ် မှီခိုအားထားနေရကြောင်း အဆိုပါအေဂျင်စီက ပြောသည်။ ကုလသမဂ္ဂယာဉ်တန်းများ တိုက်ခိုက်ခံခဲ့ရကြောင်းနှင့် ယာဉ်မောင်းများကိုလည်း သေနတ်ဖြင့် ခြိမ်းခြောက်ကာ ထောက်ပံ့ရေးပစ္စည်းများကို ယာဉ်များပေါ်မှ ချစေခဲ့ကြောင်း နိုဝင်ဘာ ၁၈ ရက်က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ယူအင်န်အာရ်ဒဗလျူအေ ကော်မရှင်နာချုပ် ဖီးလစ်ပီ လာဇာရီနီက ပြောသည်။

ဒေသခံများသည် လွန်ခဲ့သည့် လေးလ-ငါးလအထိ ကုလသမဂ္ဂယာဉ်တန်းများကို လိုက်ပါစောင့်ကြပ်မှုများ ရှိခဲ့သော်လည်း ယခုအကြိမ်တွင် လုံးဝမရှိခဲ့ကြောင်း ၎င်းကပြောသည်။ ဒေသတွင်း ဂိုဏ်းအဖွဲ့များသည် တောင်ပိုင်းတွင် စီးပွားရေးလုပ်ငန်းများ သို့မဟုတ် လှုပ်ရှားဆောင်ရွက်မှုများကို ထိန်းချုပ်ရန်အတွက် အဖွဲ့အချင်းချင်းကြား အပြင်းအထန်ကြိုးပမ်းနေခြင်းက ဂါဇာတောင်ပိုင်းသို့ အေဂျင်စီ၏ထောက်ပံ့ကူညီပေးရေးလုပ်ငန်းများ မလုပ်ဆောင်နိုင်အောင်ပင် ဖြစ်စေသည်ဟု ၎င်းက ဆက်ပြောသည်။

အစ္စရေးအာဏာပိုင်များသည် လုံခြုံစိတ်ချရသော အကူအညီများ ထောက်ပံ့ပေးရာတွင် လွယ်ကူချောမွေ့စေရန်နှင့် လူဦးရေ၏ အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ၎င်းတို့၏တာဝန်ဝတ္တရားများကို ဆက်လက်လျစ်လျူရှုထားကြောင်း ယူအင်န်အာရ်ဒဗလျူအေက ပြောသည်။ ကုလသမဂ္ဂအကူအညီပေးရေးလုပ်ငန်းများကို အနှောင့်အယှက်ပြုခြင်းသည် အစဉ်အလာတစ်ခု ဖြစ်လာသည့် ဂါဇာကမ်းမြောင်၏ လက်ရှိအခြေအနေကို စိုးရိမ်ကြောင်း လာဇာရီနီက ပြောသည်။

**အင်န်အိတ်ချ်ကေ**



ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ စားရေရိက္ခာလှူဒါန်းမှုများကို နေရပ်စွန့်ခွာလာသူများ ဝေငှပေးစဉ်။

# လက်နက်ကိုင်အကြမ်းဖက်သမားများက ခရီးသည်တင် မော်တော်ယာဉ်အား Drone အသုံးပြု၍ Drop Bomb ဖြင့် ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် ကလေးငယ်တစ်ဦးအပါအဝင် အပြစ်မဲ့ ခရီးသွားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိ



ကန့်ဘလူမြို့နယ် ပေကြီးကျေးရွာ၌ ခရီးသည်တင်မော်တော်ယာဉ်အား PDF အမည်ခံ အကြမ်းဖက်အဖွဲ့က Drop Bomb ဖြင့် ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ ခရီးသွားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် နိုဝင်ဘာ ၁၉

**လက်နက်ကိုင်အကြမ်းဖက်သမားများသည် အပြစ်မဲ့အရပ်သားပြည်သူများ နေထိုင်ရာ မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တိုက်ပွဲများဖော်ဆောင်ခြင်း၊ ခရီးသည်တင်မော်တော်ယာဉ်များအား လက်နက်ကြီး၊ ရှော့တိုက်ဒုံး၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ နိုဝင်ဘာ ၁၈ ရက် ညနေ ၅ နာရီ ၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ဗုံးသီးပေါက်ကွဲစ ထိမှန်ဒဏ်ရာများဖြင့် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိသူများရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ကသာ-မန္တလေးပြေးဆွဲသည့် “ငွေအိုးမန်း” ခရီးသည်တင်မော်တော်ယာဉ်သည် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့မှ မန္တလေးမြို့သို့ မောင်းနှင်ထွက်ခွာလာစဉ် ကန့်ဘလူမြို့နယ် ပေကြီးကျေးရွာအနီးအရောက် PDF အမည်ခံ အကြမ်းဖက်အဖွဲ့က Drone အသုံးပြု၍ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့ရာ မော်တော်ယာဉ်အနီးသို့ Drop Bomb တစ်လုံးကျရောက် ပေါက်ကွဲခဲ့မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသွားပြည်သူများအနက် မအိန္ဒြာမိုး (၄)နှစ်တွင် ဗုံးသီးပေါက်ကွဲစထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ဒေါ်ခင်ဌေး (၅၇)နှစ်၊ ဒေါ်ငြိမ်းစံပယ် (၃၀) နှစ်၊ ဒေါ်ယဉ်ထွေး(၃၃)နှစ်၊ မောင်သီဟနိုင်(၃)နှစ် တို့တွင် ဗုံးသီးပေါက်ကွဲစထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ အေးချမ်းစွာ နေထိုင်လျက်ရှိသော မြို့၊ ရပ်ကွက်၊ ကျေးရွာအတွင်းသို့ အကြမ်းဖက်သမားများက တိုက်ပွဲများဖော်ဆောင်ခြင်း၊ ခရီးသည်တင်မော်တော်ယာဉ်များအား လက်နက်ကြီး၊ ရှော့တိုက်ဒုံး၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့မှုအပေါ် ဒေသခံပြည်သူများက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ပြည်သူလူထုနှင့် ပူးပေါင်းကာ တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကန့်ဘလူမြို့နယ်တွင် ခရီးသွားယာဉ်ပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့်ပစ်ခတ်မှုကြောင့် ဘုန်းကြီးတစ်ပါးနှင့် ပြည်သူလေးဦး သေဆုံးသည်ဟု သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ရွှေဘို-မြစ်ကြီးနား ကားလမ်းခရီးသွားယာဉ်ပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့် ပစ်ခတ်၍ ဘုန်းကြီးတစ်ပါး အပါအဝင် ပြည်သူလေးဦး သေဆုံးသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက် ရှိကြောင်း တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ ကန့်ဘလူမြို့နယ်အတွင်း တာဝန်ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ ဆက်သွယ်မေးမြန်းခဲ့ရာ နိုဝင်ဘာ ၁၈ ရက် ညနေပိုင်းတွင် ကသာ-မန္တလေးပြေးဆွဲသည့် “ငွေအိုးမန်း” ခရီးသည်တင်မော်တော်ယာဉ်သည် စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့မှ မန္တလေးမြို့သို့ မောင်းနှင်ထွက်ခွာလာစဉ် ကန့်ဘလူမြို့နယ် ပေကြီးကျေးရွာအနီးအရောက် PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ဒရုန်းအသုံးပြု၍ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့ရာ မော်တော်ယာဉ်အနီးသို့ Drop Bomb တစ်လုံးကျရောက်ပေါက်ကွဲခဲ့မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသွားပြည်သူ လေးဦး ဗုံးသီးပေါက်ကွဲစထိမှန် ဒဏ်ရာများရရှိခဲ့ပြီး အသက် (၄) နှစ်အရွယ် ကလေးငယ် တစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

ထိုသို့အကြမ်းဖက်သမားများ၏ လူမဆန်သော အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်အတွက် အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ဆောင်ခဲ့သည်ဟု ဖြစ်စဉ်လွဲမှားစွာ ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဆီယံ အမျိုးသမီးဖူဆယ်ပြိုင်ပွဲ မြန်မာအသင်းနှင့် အင်ဒိုနီးရှား ယှဉ်ပြိုင်

ရန်ကုန် နိုဝင်ဘာ ၁၉

၂၀၂၄ အာဆီယံ အမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုစတုတ္ထနေ့ကို နိုဝင်ဘာ ၁၉ ရက်က ဖိလစ်ပိုင်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် အင်ဒိုနီးရှားအသင်းကို ခုနစ်ဂိုးပြတ် အရေးနိမ့်ခဲ့သည်။

အုပ်စုပွဲများကို လေးရက်ဆက်တိုက်ကစားနေရသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း ပွဲပန်းသည့်ဒဏ်ခံစားခဲ့ရပြီး ယခုပွဲတွင် ပုံစံကောင်းပျောက်ဆုံးနေကာ မထင်မှတ်သည့် ဂိုးပြတ်ရလဒ်နှင့် ရင်ဆိုင်ခဲ့ရသည်။ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်းတို့နှင့်ပွဲများတွင် ပုံစံကောင်းပြသခဲ့သည့် မြန်မာအသင်းသည် ယခုပွဲတွင် ဂိုးပေါက်ပျောက်ဆုံးသည်အထိ ဖြစ်ခဲ့ရသည်။ အင်ဒိုနီးရှားအသင်းသည် ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် လေးဂိုး သွင်းယူခဲ့ခြင်းဖြစ်သည်။

အုပ်စုစတုတ္ထနေ့ အခြားပွဲတွင် ဗီယက်နမ်အသင်းက အိမ်ရှင်ဖိလစ်ပိုင်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အုပ်စုစတုတ္ထနေ့အပြီးတွင် ထိုင်းနှင့် ဗီယက်နမ်အသင်းက သုံးပွဲကစား ကိုးမှတ်စီဖြင့် ဗိုလ်လုပွဲ တက်ရောက်ခွင့်ရသွားပြီး အင်ဒိုနီးရှားအသင်းက သုံးပွဲကစား သုံးမှတ်ဖြင့် တတိယလုပွဲကစားခွင့်ရရှိခဲ့သည်။ မြန်မာအသင်းက ပွဲကုန်လေးပွဲကစား တစ်မှတ်၊ ဖိလစ်ပိုင်အသင်းက သုံးပွဲကစား တစ်မှတ်ရရှိထားသည်။ ဂိုးကွာခြားချက်တွင် အသာရထားသည့် မြန်မာအသင်းသည် နောက်ဆုံးပွဲတွင် အိမ်ရှင်ဖိလစ်ပိုင်အသင်း အင်ဒိုနီးရှားကို အရေးနိမ့်မှသာ တတိယလုပွဲ ကစားခွင့်ရမည်ဖြစ်သည်။ အုပ်စုနောက်ဆုံးနေ့ကို နိုဝင်ဘာ ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ထိုင်းနှင့် ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့်အင်ဒိုနီးရှား ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**



# ပေါ်တူဂီကို သရေကျခဲ့သော်လည်း နေးရှင်းလိဂ်ကွာတားဖိုင်နယ်သို့ နာမည်ကြီး ခရိုအေးရှားအသင်း တက်လှမ်း

ယူအီးအက်ဖ်အေ နေးရှင်းလိဂ် (က) အုပ်စု ၁ ပွဲစဉ် (၆) မှ ခရိုအေးရှားနှင့် ပေါ်တူဂီအသင်းပွဲစဉ်ကို နိုဝင်ဘာ ၁၉ ရက် နံနက် ၂ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့ရာ အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

ပွဲချိန် ၃၃ မိနစ်တွင် တိုက်စစ်ကစားသမား ဖီးလစ်က ပေါ်တူဂီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ အိမ်ရှင်ခရိုအေးရှားအသင်းသည် ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် ချေပဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပြိုင်ဘက်အသင်း ခံစစ်နှင့် ဂိုးသမားတို့က အကောင်းဆုံးကာကွယ်ထားနိုင်သည့်အတွက် မိနစ် ၆၀ ကျော်သည်အထိ သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။

သွင်းဂိုးရရှိရေး တရစပ် ထိုးဖောက် တိုက်စစ်ဆင်လာသည့် ခရိုအေးရှားအသင်းသည် ပွဲချိန် ၆၅ မိနစ်တွင် ချေပဂိုးရရှိခဲ့သည်။ အဆိုပါ ချေပဂိုးကို ဂျာကစ်၏ ဖန်တီးမှုမှ ဂီဗာဒီယိုလ်က သွင်းယူပေးခဲ့သည်။ ထို့နောက်တွင် နှစ်သင်းစလုံး လူစားလဲမှုများ ပြုလုပ်ကာ သွင်းဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့ခြင်း ဖြစ်သည်။

ခရိုအေးရှား အသင်းသည် ယခုပွဲစဉ် သရေကျခဲ့သော်လည်း နေးရှင်းလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။ ပြိုင်ဘက် ပေါ်တူဂီအသင်းက ယခုပွဲစဉ် မတိုင်မီကတည်းက အုပ်စု ပထမဖြင့် နောက်တစ်ဆင့်သို့ တက်လှမ်းထားသည်။

အဆိုပါ အုပ်စုမှ ပိုလန်နှင့် စကော့တလန်အသင်း ပွဲစဉ်ကို နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက တစ်ချိန်တည်း ယှဉ်ပြိုင်ကစားခဲ့ရာ စကော့တလန်အသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ပိုလန်အသင်းအတွက် သွင်းဂိုးကို ပီယာကောစကီးက သွင်းယူပေးပြီး စကော့တလန် အသင်းအတွက် သွင်းဂိုးများကို မက်ဂင်နှင့် ရော်ဘတ်ဆန်တို့က သွင်းယူပေးခဲ့သည်။



**အောင်ဇော်**

# စာဆိုပွဲတော် လနတ်တော်

ကိုယဉ်ချစ် (မန္တလေး)

မြန်မာတို့၏ ၁၂ လရာသီတွင် နတ်တော်လသည် နဝမမြောက်လဖြစ်သည်။ နတ်သည် “နာထ” ဆိုသည့် ဝေါဟာရမှ ဆင်းသက်လာပြီး အကြီးအကဲဟု အဓိပ္ပာယ်ရသည်။ “တော်”သည် မြင့်မြတ်ကြီးကျယ်ခြင်းဖြစ်သဖြင့် နတ်တော်လကို ကြီးကျယ်မြင့်မြတ်သောလဟု ဆိုကြသည်။ နတ်တော်လသည် နတ်တို့ပျော်မြူးလေ့ရှိသဖြင့် နတ်ပျော်လဟု ခေါ်ဆိုရာမှ နတ်တော်လဖြစ်လာသည်ဟုလည်း မှတ်သားရပါသည်။ ပုဂံခေတ်ကျောက်စာများ၌ နတ်တော်လကို နတ္တောင်၊ နတ်တာဝ်ဟု အမျိုးမျိုးရေးထိုးခဲ့ကြသည်။

**❖ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာပေဆုချီးမြှင့်ပွဲများကို နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့တွင် နိုင်ငံတော်အဆင့် ခမ်းနားကြီးကျယ်စွာကျင်းပ၍ စာပေပညာရှင်ကြီးများအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ ဘွဲ့ထူးဂုဏ်ထူးများချီးမြှင့်ခြင်း၊ သက်ကြီးစာပေပညာရှင်ကြီးများအား ဂါရဝပြုကန်တော့ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ လွတ်လပ်ရေးရပြီးခေတ်မှ ယနေ့အထိ အလင်္ကာကျော်စွာဘွဲ့ ချီးမြှင့်ခံရသူ ၆၄ ဦးရှိရာ အမျိုးသားတစ်သက်တာစာပေပညာရှင် ဆရာကြီး၊ ဆရာမကြီး ၁၉ ဦး ပါဝင်ခဲ့**

**❖ စာပေသည် အနုပညာရပ်များဖြစ်သည့် ရုပ်ရှင်၊ သဘင်၊ ဂီတ စသည့် အနုပညာနယ်ပယ်များထဲမှ ပင်မကျသည့် နယ်ပယ်တစ်ခုဖြစ်သည်။ မြန်မာ့သမိုင်းနှင့် မြန်မာတို့၏ စိတ်ထားများကို နိုင်ငံတကာကသိအောင် ဖော်ပြနိုင်သည့် အနုပညာတစ်ရပ်လည်းဖြစ်ပါသည်။ စာပေပညာရှင်တို့၏ ကလောင်သွားများသည် မြန်မာ့သမိုင်းတွင် နိုင်ငံအတွက် စစ်မှန်သည့်ခွန်အားများဖြစ်ခဲ့ကြပြီး ခေတ်အဆက်ဆက် စာပေပညာရှင်ကြီးများ၏ အဖိုးတန်သည့် စာပေလက်ရာများသည် ပြည်သူအများကို အကျိုးရှိစေသည့် အမွေအနှစ်ကောင်းများပင်ဖြစ်**

နတ်တော်လသည် ရက်မစုံလဖြစ်သဖြင့် ၂၉ ရက်ရှိသည်။ ဗေဒင်အခေါ် ရာသီမှာ ဓနုရာသီ၊ နက္ခတ်မှာ မိဂသီနက္ခတ်၊ ရာသီပန်းမှာ ဂမုန်းအင်နှင့် သဇင်ပန်း၊ မိုးမှာခေါးလှီးမိုး၊ နဂါးဦးခေါင်းမှာ တောင်အရပ်သို့ လှည့်သည်။ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့များသည် ရက်ရာဇာဖြစ်ပြီး ကြာသပတေးနေ့နှင့် စနေနေ့များသည် ပြဿဒါးရက်ဖြစ်သည်။ နတ်တော်လတွင် စာဆိုတော်ပွဲများ ကျင်းပလေ့ရှိကြသည်။

### စာဆိုတော်ပွဲ

ရှေးမြန်မာဘုရင်များလက်ထက်ကပင် နတ်တော်လတွင် စာပြန်ပွဲများ ကျင်းပခဲ့သည်။ ထိုစာပြန်ပွဲများမှ လောကီလောကုတ္တရာကိစ္စရပ်များတွင် ထူးချွန်သောပညာရှိများ၊ နိုင်ငံရေး၊ ပညာရေး၊ အုပ်ချုပ်ရေးတို့တွင် ကျွမ်းကျင်လိမ္မာစွာ ဆောင်ရွက်နိုင်စွမ်းရှိသူများအား ဘွဲ့ထူးဂုဏ်ထူးများ ပေးအပ်ပွဲအခမ်းအနားများကို နတ်တော်လတွင် ကျင်းပခဲ့သည်။ ယင်းဘွဲ့နှင်းသဘင်မျိုးသည် စစ်သူရဲကောင်းများ၊ စာပေပညာရှင်များ၊ လူရည်ချွန်များ ထွန်းပေါ်အောင် ဖန်တီးပေးသဖြင့် တိုင်းပြည်အတွက် အလွန်အကျိုးကျေးဇူးများလှသည်။ ကင်းဝန်မင်းကြီး၊ ပခန်းမင်းကြီးကဲ့သို့သော ပုဂ္ဂိုလ်များသည် ရဟန်းအဖြစ်မှ လူဝတ်လဲခဲ့သည့် လူပြန်တော်များဖြစ်ကြပြီး နန်းတော်သို့ ရောက်ရှိလာကာ အုပ်ချုပ်ရေးယန္တရားကို ကိုင်တွယ်ရသော လွှတ်တော်၊ ရုံးတော်၊ ဗြဲတိုက်တော်များတွင် အမှုထမ်းဆောင်ခဲ့ကြသူများဖြစ်ကြသည်။

မြန်မာစာပေသည် ပုဂံ၊ အင်းဝ၊ ပင်းယ၊ စစ်ကိုင်းနှင့် ကုန်းဘောင်ခေတ်အဆက်ဆက်၌ ရတု၊ ရကန်၊ ဧချင်း၊ အိုင်ချင်း၊ တမ်းချင်း၊ ညည်းချင်း၊ မော်ကွန်း၊ တောလား၊ ဆုတောင်းခန်း၊ ပျို့၊ လူးတား၊ လေးဆစ်၊ တေးထပ်၊ အဲ၊ အံ၊ မေတ္တာစာ၊ တုံးချင်း၊ ဘောလယ်၊ ဇာတ်၊ ပြဇာတ်၊ လင်္ကာ၊ ပတ်ပျိုး၊ ဆေးကျမ်း၊ ဆုံးမစာ စသည့် စာပေများ ထွန်းကားခဲ့သည်။ စာဆိုပညာရှင်များစွာလည်း ပေါ်ထွန်းခဲ့သည်။ နောက်ဆုံး ကုန်းဘောင်မင်းဆက်အပြီး နယ်ချဲ့လက်အောက်ကျရောက်သွားခဲ့သော်လည်း မြန်မာစာပေ၏ အရှိန်မသေသေးဘဲ ကင်းဝန်မင်းကြီး၊ မန်လည်ဆရာတော်ဘုရားကြီး၊ လယ်တီဆရာတော်ဘုရားကြီးတို့သည် စာပေအမြောက်အမြား ရေးသားပြုစုခဲ့ကြသည်။

သူ့ကျွန်ဘဝသို့ကျရောက်ချိန်တွင် စာပေအလင်းရောင် မှေးမှိန်သွားခဲ့သော်လည်း နယ်ချဲ့တို့၏ ဖိနှိပ်ချုပ်ချယ်မှုလက်အောက်တွင် အခွင့်ရလျှင်ရသလို စာပေများ ရေးသားခဲ့ကြသည်။ လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလနှင့် လွတ်လပ်ရေးရပြီး ကာလများတွင်လည်း စာပေပညာရှင်များ ပေါ်ထွန်းခဲ့သည်။

### စာဆိုတော်နေ့ဖြစ်ပေါ်လာပုံ

ဂျပန်ခေတ်တွင် ကွမ်းခြံကုန်းမြို့မှ ပညာတံခွန်အသင်းက အဘိဓာန်နှင့် ပညာစွယ်စုံကျမ်းများ ပြုစုဆောင်ရွက်နေစဉ် စာဆိုတော်ကြီး ဦးပုညနေ့ ကျင်းပရန် စီစဉ်ခဲ့သည်။ ရန်ကုန်မြို့ရှိ ပညာတံခွန်အသင်းကြီးက စာဆိုတော်တစ်ဦးအတွက် နေ့တစ်နေ့ သတ်မှတ်ကျင်းပခြင်းထက် စာဆိုတော်အများနှင့်သက်ဆိုင်သည့် နေ့တစ်နေ့အဖြစ် ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ကျင်းပရန် အကြံပြုခြင်းကြောင့် ပညာတံခွန်အသင်းမှ ပုဂ္ဂိုလ်ကြီးများ၊ စာပေပညာရှင်ကြီးများနှင့် စာရေးဆရာအသင်းမှ ပုဂ္ဂိုလ်များက ၁၉၄၄ ခုနှစ် မေလ ၈ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးမှ နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့ကို မြန်မာစာဆိုတော်နေ့အဖြစ်ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။ ပထမအကြိမ် စာဆိုတော်နေ့ကို ၁၃၀၆ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့ (၁၉၄၄ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့)တွင် စတင်ကျင်းပခဲ့ကြောင်း မှတ်သားရပါသည်။

### စာအုပ်စာပေ လူ့မိတ်ဆွေ

၁၉၇၀ ပြည့်နှစ်က ကမ္ဘာ့အခြေအနေကို လေ့လာကြည့်ရာ၌ လူဦးရေတိုးတက်နှုန်းနှင့် စာအုပ်များထုတ်ဝေသည့် အချိုးအစားမှာ ကွာဟခဲ့သည်။ ထိုစဉ်ကာလက အာရှ၊ အာဖရိက၊ လက်တင်အမေရိက စသော ဖွံ့ဖြိုးဆဲဒေသများတွင် လူဦးရေ၏ ၂၀ ရာခိုင်နှုန်းသာ စာပေဖတ်ရှုခွင့်ရကြသကဲ့သို့ ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း စာဖတ်ခြင်း အလေ့အထ နည်းပါးခဲ့သည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ကုလသမဂ္ဂ ပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)က ၁၉၇၂ ခုနှစ်ကို နိုင်ငံတကာစာအုပ်နှစ် (International Books Year 1972)အဖြစ် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သည်။ ထို့ပြင် Book For All ဆောင်ပုဒ်ကိုပါ ပြဋ္ဌာန်းပေးခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း စာအုပ်နှစ် ကျင်းပရေး အမျိုးသားကော်မရှင်က နိုင်ငံတကာစာအုပ်နှစ် ကျင်းပရန် မျှော်မှန်းလုပ်ဆောင်ခဲ့သည်။

သတ်မှတ်ပြဋ္ဌာန်းပေးလိုက်သည့် ဆောင်ပုဒ်၏ အဓိပ္ပာယ်သည် လွယ်ကူသော်လည်း မြန်မာမှုပြုရန်အတွက် အမျိုးသားကော်မရှင်က လှုံ့လစိုက်ထုတ်ခဲ့ရသည်။ Book For All ဆောင်ပုဒ်ကို မြန်မာမှုပြုရန် အမျိုးသားကော်မရှင်က ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနများနှင့်ပူးပေါင်းကာ ပြိုင်ပွဲတစ်ရပ် ကျင်းပခဲ့သည်။ ဆောင်ပုဒ်ဘာသာပြန်ပြိုင်ပွဲတွင် မြန်မာ့သစ်လုပ်ငန်းမှ ဦးမောင်မောင်ဆိုသူက “စာအုပ်စာပေ လူ့မိတ်ဆွေ” ဟူသည့် ဆောင်ပုဒ်ဖြင့် ဆုရရှိခဲ့သည်။

စာအုပ်စာပေ လူ့မိတ်ဆွေ ဆောင်ပုဒ်ဖြင့် နိုင်ငံတကာစာအုပ်နှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာနက ရန်ကုန်မြို့ ဂျူဗလီဟောတွင် စာတမ်းဖတ်ပွဲများကိုပါ ကျင်းပပေးခဲ့သည်။ စာတမ်းဖတ်ပွဲတွင် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာ၊ ဆောင်းပါး၊ ပြဇာတ်၊ ဘာသာပြန်၊ ပန်းချီ စာအုပ်သရုပ်ဖော်၊ ပုံနှိပ်သူ၊ ထုတ်ဝေသူနှင့် စာဖတ်သူပညာရှင် ၃၆ ဦးတို့က ဘာသာရပ် ၁၈ မျိုးကို သုတ၊ ရသ စုံလင်စွာ ဖတ်ကြားခဲ့ကြသည်။ ထိုစာတမ်းဖတ်ပွဲတွင် စာတမ်းဖတ်ခြင်း၊ တက်ရောက်သူများမှ မေးမြန်းခြင်း၊ ပြန်လည်ဖြေကြားခြင်းများကို မှတ်တမ်းအဖြစ် စာအုပ်သုံးအုပ်တွဲ ထုတ်ဝေခဲ့သည် ။ ထိုစာအုပ်များသည် ယနေ့ကာလအထိ မှီငြမ်း၊ ကိုးကား၊ အားထားအသုံးပြုနေရဆဲဖြစ်ပါသည်။

“စာအုပ်စာပေ လူ့မိတ်ဆွေ” ဟူသည့် သမိုင်းဝင်ဆောင်ပုဒ်သည် စာပေလေ့လာဖတ်ရှုရန် စည်းရုံးလှုံ့ဆော်ပေးသည့် စာသားအဖြစ် ရပ်တည်ရှင်သန်လျက်ရှိပါသည်။ စာကြည့်တိုက်များ၊ သတင်းစာများ၊ စာအုပ်စာစောင်များနှင့် စာအုပ်ဆိုင်များတွင် ရေးသားအသုံးပြုနေကြရသည့် ဂန္ထဝင်ဆောင်ပုဒ် ဖြစ်ခဲ့သည်။

### စာပေပညာရှင်များအား ဂုဏ်ပြု

၁၉၄၄ ခုနှစ်မှစတင်၍ ကျင်းပခဲ့သည့် ပထမအကြိမ်မှသည် ယနေ့ကာလတိုင်အောင် နတ်တော်လဆန်း ၁ ရက်နေ့တိုင်း နှစ်စဉ်မပျက် နိုင်ငံတော်အဆင့်မှ မြို့နယ်အဆင့်များအထိ စာဆိုတော်နေ့များကို ကျင်းပလျက်ရှိပါသည်။ အခမ်းအနားများတွင် သက်ကြီးစာပေပညာရှင်ကြီးများအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ ကန်တော့ခြင်း၊ စာတမ်းဖတ်ပွဲများ၊ စာပေဟောပြောပွဲများ၊ စာဖတ်ဝိုင်းကျင်းပခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် အမျိုးသားစာပေ တစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာပေဆု၊ ပုဂ္ဂလိကစာပေဆု ချီးမြှင့်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၁၉၄၈ ခုနှစ်မှ စတင်၍ စာပေဗိမာန်ကာလပေါ် ဝတ္ထုဆုအဖြစ် စတင်ချီးမြှင့်ခဲ့ပြီး စာပေဗိမာန်စာပေဆု၊ အနုပညာဆိုင်ရာစာပေဆု၊ အမျိုးသားစာပေဆု စသည်ဖြင့် အခေါ်အဝေါ်အမျိုးမျိုးပြောင်းလဲကာ ဆုများချီးမြှင့်ခဲ့သည်။ ၂၀၁၁ ခုနှစ်မှစတင်၍ မြန်မာစာပေအကျိုးကို တစ်သက်တာလုံးအားထုတ်ကြိုးပမ်းခဲ့ပြီး တစိုက်မတ်မတ် စာပေရေးသားပြုစုခဲ့ကြသော စာပေပညာရှင်ကြီးများအား အမျိုးသားစာပေ တစ်သက်တာဆုကို ဂုဏ်ပြုချီးမြှင့်ပေးခဲ့သည်။

ယခုအခါ အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာပေဆုချီးမြှင့်ပွဲများကို နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့တွင် နိုင်ငံတော်အဆင့် ခမ်းနားကြီးကျယ်စွာကျင်းပ၍ စာပေပညာရှင်ကြီးများအား ဂုဏ်ပြုချီးမြှင့်ခြင်း၊ ဘွဲ့ထူးဂုဏ်ထူးများချီးမြှင့်ခြင်း၊ သက်ကြီးစာပေပညာရှင်ကြီးများအား ဂါရဝပြုကန်တော့ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ လွတ်လပ်ရေးရပြီးခေတ်မှ ယနေ့အထိ အလင်္ကာကျော်စွာဘွဲ့ချီးမြှင့်ခံရသူ ၆၄ ဦးရှိရာ အမျိုးသားတစ်သက်တာ စာပေပညာရှင် ဆရာကြီး၊ ဆရာမကြီး ၁၉ ဦး ပါဝင်ခဲ့ပါသည်။

### ပြည်သူအတွက်အမွေအနှစ်ကောင်း

မြန်မာတို့သည် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေများဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းက ရှင်သန်ရပ်တည်ခဲ့ကြသူများဖြစ်ကြသည်။ စာပေသည် အနုပညာရပ်များဖြစ်သည့် ရုပ်ရှင်၊ သဘင်၊ ဂီတ စသည့် အနုပညာနယ်ပယ်များထဲမှ ပင်မကျသည့် နယ်ပယ်တစ်ခုဖြစ်သည်။ မြန်မာ့သမိုင်းနှင့် မြန်မာတို့၏ စိတ်ထားများကို နိုင်ငံတကာက သိအောင် ဖော်ပြနိုင်သည့် အနုပညာတစ်ရပ်လည်း ဖြစ်ပါသည်။ စာပေပညာရှင်တို့၏ ကလောင်သွားများသည် မြန်မာ့သမိုင်းတွင် နိုင်ငံအတွက် စစ်မှန်သည့်ခွန်အားများဖြစ်ခဲ့ကြပြီး ခေတ်အဆက်ဆက် စာပေပညာရှင်ကြီးများ၏ အဖိုးတန်သည့် စာပေလက်ရာများသည် ပြည်သူအများကို အကျိုးရှိစေသည့် အမွေအနှစ်ကောင်းများပင် ဖြစ်ပါသည်။

စာပေသည် နိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်များကို မြှင့်တင်ပေးလျက်ရှိသဖြင့် အစဉ်အလာကောင်းများ မပျောက်ပျက်အောင်၊ ခိုင်မြဲတည်တံ့အောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်နေကြရမည် ဖြစ်ပါသည်။ အမျိုး၊ ဘာသာ၊ သာသနာ ကောင်းကျိုးများဖြစ်ထွန်းစေပြီး နိုင်ငံ၏ပုံရိပ်ကို ဖော်ဆောင်ပေးနိုင်မည့် စာကောင်းပေကောင်းများ စဉ်ဆက်မပြတ် ထွန်းကားလာရေးအတွက် အစဉ်ကြိုးပမ်း အားထုတ်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**ကိုးကား**

- **ဆရာကြီး ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်း၊ စတုတ္ထအကြိမ် (၁၉၈၇ ခုနှစ် )**
- **ပန်းတိုင် ဦးသန်းမောင်၏ ဆယ့်နှစ်လရာသီပွဲတော်များနှင့် မှတ်တမ်းကဗျာများ**
- **၂၄-၁၁-၂၀၂၂၊ ၂၈-၁၁--၂၀၂၂၊ ၁၄-၁၁-၂၀၂၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာများ**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် နမ့်ပင အသေးစားရေအားလျှပ်စစ်စီမံကိန်းနှင့် ချင်းတွင်းမြစ်ကူးတံတား (ထမံသီ) တည်ဆောက်မှုကြည့်ရှုစစ်ဆေး

**မုံရွာ နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဟုမ္မလင်း တပ်နယ်မှူးနှင့် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၇ ရက်က ဟုမ္မလင်းမြို့နယ် နားသကျိုက် ကျေးရွာအနီး နမ့်ပငချောင်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် နမ့်ပင အသေးစား ရေအားလျှပ်စစ်စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ်-၂တည်ဆောက်ရေးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်းက ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်း အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က အချိန်မီပြီးစီးရေး ကြိုးပမ်း ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးအလေးထားဆောင်ရွက်ရန် မှာကြားပြီး ပင်မတမံ ကွန်ကရစ်သွန်းလောင်းပြီးစီးမှုနှင့် ရေယူအဆောက်အအုံဆောက်လုပ်နေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



နမ့်ပငအသေးစား ရေအားလျှပ်စစ်စီမံကိန်းသည် ဟုမ္မလင်းမြို့၏ အနောက်ဘက် ၇ ဒသမ ၅ မိုင်ခန့်အကွာ နားသကျိုက်ကျေးရွာအနီးတွင်တည်ရှိ၍ Concrete Gravity Dam တမံအမျိုးအစားဖြစ်ပြီး တပ်ဆင်စက်အင်အားမှာ ၆ မဂ္ဂါဝပ်ဖြစ်ကာ နှစ်စဉ်လျှပ်စစ်ဓာတ်အား ၃၄ ဒသမ ၆၈ သန်းကီလိုဝပ်နာရီ ပျမ်းမျှထုတ်လုပ်နိုင်မည်ဖြစ်ပြီး ယခုအချိန်တွင် လုပ်ငန်းအားလုံး၏ ၅၆ ဒသမ ၂၃ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ဟုမ္မလင်းမြို့နယ် ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၂) မှ တာဝန်ရှိသူများက ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) ပင်းမရွာဘက်ခြမ်းနှင့် ထမံသီရွာဘက်ခြမ်းတို့တွင် ချဉ်းကပ်လမ်းများ ဖောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ချင်းတွင်းတံတား (ထမံသီ)၏ သံမဏိသံပေါင် တပ်ဆင်နေမှုများနှင့် တံတားတည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ချင်းတွင်းမြစ်ကူးတံတား(ထမံသီ) သည် ဟုမ္မလင်းမြို့နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရှိ လေရှီးမြို့- ပန်ဆပ်- ဆွမ္မရာ မြို့လမ်းပေါ်တွင် ချင်းတွင်းမြစ်အားဖြတ်၍ တည်ဆောက်ထားသည့် သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည် ၈၀၁ မီတာ၊ အကျယ် ၉ ဒသမ ၄ မီတာ၊ တံတားအခန်းပေါင်း ၁၅ ခန်း၊ ရေလမ်းကင်းလွတ်အမြင့် ၄၀ ပေ(HFL)ဖြင့် တည်ဆောက်နေခြင်းဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းတစ်ခုလုံး၏ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ပြည်နယ်အားကစားသမားများ အောင်နိုင်ရေး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**မြစ်ကြီးနား နိုဝင်ဘာ ၁၉**

ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် နိုဝင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ နေပြည်တော်၌ ကျင်းပမည့် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဝင်ရောက်ယှဉ်ပြိုင်အောင်နိုင်ရေးအတွက် အားကစားဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် တတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပသည်။

ပြည်နယ် ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ မိမိတို့ပြည်နယ်အနေဖြင့် အမျိုးသားအားကစားပွဲတော်တွင် ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိပြီး ပြည်နယ်ဂုဏ် ဆောင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုအခြေအနေများကို သိရှိနိုင်ရန်နှင့် လိုအပ်ချက်များကို ပေါင်းစပ်ချိတ်ဆက်နိုင်ရေး၊ ပိုမို၍ ဖြည့်ဆည်းပံ့ပိုးပေးနိုင်ရေး၊ ပြိုင်ပွဲတိုင်းကို အလေးအနက်ထား ယှဉ်ပြိုင်ပြီး ဆုတံဆိပ်များစွာ ဆွတ်ခူးရယူနိုင်ရေး အရှိန်အဟုန်မပျက် ကြိုးစားကြရမည်ဖြစ်ကြောင်းတိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်းက အောင်နိုင်ရေးအတွက် ကြိုတင်စီမံ ဆောင်ရွက်ထားရှိမှုနှင့် အားကစားနည်းအလိုက် လိုအပ်ချက်များအပေါ် အုပ်ချုပ်မှုနှင့် ထောက်ပံ့မှုများအတွက် ဆပ်ကော်မတီအသီးသီးနှင့် ချိတ်ဆက်ပေါင်းစပ်၍ ညှိနှိုင်းဖြည့်ဆည်းနေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးအောင်သူက အမျိုးသားအားကစားပွဲတော်တွင် အားကစားနည်း ၂၁ နည်း၌ ကချင်ပြည်နယ်မှ နည်းပြနှင့် အုပ်ချုပ်သူ၊ အားကစားသမား ၃၈၀ ကျော်တို့အား စနစ်တကျစုဖွဲ့၍ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေးနှင့် ဆုတံဆိပ်ရရှိရေး ရည်မှန်းချက်ထား ကြိုတင်စခန်းသွင်းလေ့ကျင့်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။



တင်ပြဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က အားကစားနည်းအလိုက် အောင်မြင်မှုရရှိရေး ရည်မှန်းချက်ထားကာ ကြိုးစားယှဉ်ပြိုင်နိုင်ကြရေးနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ဆပ်ကော်မတီအလိုက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မိုင်းတုံမြို့နယ်၌ မီးခိုးမြူငွေ့ လျှော့ချရေး အသိပညာပေး ဟောပြောပွဲကျင်းပ

**ကျိုင်းတုံ နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်သစ်တောဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၉ ရက်က ပုံပါကျင်မြို့ နားကောင်းမူးကျေးရွာ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသက်ထိုက်ဦးက နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ဖြစ်ပေါ်စေသောအကြောင်းရင်းများ၊ မီးခိုးမြူငွေ့ကြောင့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ ထိခိုက်မှု၊ မီးခိုးမြူငွေ့ဖြစ်ပေါ်မှု လျော့ပါးစေနိုင်သောနည်းလမ်းများနှင့် သဘာဝဘေးအန္တရာယ် ထိခိုက်မှုလျော့ပါးစေမည့်အချက်များကို ကျေးရွာနေပြည်သူများအား အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုစိုင်း**



# မီးခိုးမြူငွေ့နှင့် သဘာဝဘေးဆိုင်ရာ ကြိုတင်ကာကွယ်ရေးအသိပညာမျှဝေ

**မိုင်းဖြတ် နိုဝင်ဘာ ၁၉**

မိုင်းဖြတ်မြို့နယ်၌ သစ်တောဦးစီးဌာနမှ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လျှော့ချရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းကို နိုဝင်ဘာ ၁၈ ရက်က ဆိုက်ခေါင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

မြို့နယ်သစ်တောဦးစီးမှူး ဦးမြင့်ဌေးက နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ သိကောင်းစရာများနှင့် ကျန်းမာရေး ဆိုးကျိုးများအကြောင်း၊ တောအုပ်ဦးဝင်းအောင်က သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လျော့နည်းစေရေးဆိုင်ရာများအကြောင်းကို ရှင်းလင်းပြောကြားရာ တက်ရောက်လာသည့် ဆရာဆရာမများ၊ ကျေးရွာရှိ ဒေသခံများနှင့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**သန်းထွန်းအေး (ပြန်/ဆက်)**



# ပြည်မြို့၌ မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေး

**ပြည် နိုဝင်ဘာ ၁၉**

ပြည်မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ ပြည်မြို့ ပေါင်းတလည် အခြေခံပညာအထက်တန်းကျောင်း၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၈ ရက်က ကျင်းပသည်။

ပေါင်းတလည် အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုယုက အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးအရာရှိ ဦးယဉ်ဝင်းက မီးခိုးမြူငွေ့နှင့် ပတ်သက်သည့် အသိပညာများ၊ လျှော့ချရေးဆိုင်ရာနည်းလမ်းများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာများ ဟောပြောပေးခဲ့ပြီး မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

အခမ်းအနားသို့ ကျောင်းသား ကျောင်းသူ ၁၀၀ တက်ရောက်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စမုံမြစ်ကူးမီးရထားတံတားမှ ရေတိုက်စားခံရသည့်နေရာများကို ပြန်လည်ပြုပြင်

**မန္တလေး နိုဝင်ဘာ ၁၉**

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း၊ စမုံမြစ်ကူးမီးရထား တံတားအမှတ် ၆၉၁ မှ ရေတိုက်စားခံရသည့် ကမ်းခံနေရာများ ပြုပြင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို နိုဝင်ဘာ ၁၉ ရက်က မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့် တာဝန်ရှိသူများသည် သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ရေတိုက်စားခံရသည့် ကမ်းခံအမှတ် (၂) အနောက်ဘက်နေရာမှ ရထားများ ယာယီဖြတ်သန်းနိုင်ရန် ပေ ၆၀ အရှည် ဘေလီသံပေါင်ဖြင့် တပ်ဆင်ထားခြင်းတို့ကို ဖြုတ်သိမ်း၍ သံလမ်းပြန်လည်ခင်းခြင်း၊Sheet Pile ရိုက်၍ ကျောက်ကြီးများချခြင်း၊ သဲဖြည့်ခြင်းများကို မြန်မာ့မီးရထား၊ အထွေထွေမန်နေဂျာ (အထက်မြန်မာပြည်) ဦးစိုင်းသော်လင်းကလည်းကောင်း၊ စမုံမြစ်ကူးမီးရထားတံတား၊ မြစ်ကွေးဖြတ်တူးမြောင်း ဖောက်လုပ်ခြင်းနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အစီအမံများကို မန္တလေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်မြင့်သန်းက လည်းကောင်း၊ မိတ္ထီလာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးက တူးမြောင်းဖောက်လုပ်မည့် လမ်းပိုင်းတစ်လျှောက် လယ်ယာမြေနှင့် ပတ်သက်သည့် ကိစ္စများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးသည် သက်ဆိုင်ရာတို့က တင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးညှိနှိုင်းပေးခဲ့ပြီး လုပ်ငန်းများ အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

# မိတ္ထီလာမြို့နယ်၌ ပဲမျိုးစုံစိုက်ဧက ၁၁၄၁ ဧက စိုက်ပျိုးပြီးစီး

**မိတ္ထီလာ နိုဝင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဆောင်းပဲမျိုးစုံ စိုက်ပျိုးဧက ၆၄၈၅ ဧက သတ်မှတ်လျာထားရာ ဆောင်းပဲမျိုးစုံ စိုက်ဧက ၁၁၄၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

ဒေသခံတောင်သူများက သတ်မှတ်လျာထားစိုက်ဧကများ ပြည့်မီအောင် ဆောင်းသီးနှံဖြစ်သည့် ပဲတီစိမ်း၊ ထောပတ်ပဲ၊ ကုလားပဲ ၊ ပဲကြားနှင့် အခြားပဲများကို အောက်တိုဘာလမှစတင်၍ စိုက်ပျိုးရာ နိုဝင်ဘာ ၁၅ ရက်အထိ ထောပတ်ပဲစိုက်ပျိုးဧက ၃၀၄ ဧက၊ ကုလားပဲစိုက်ပျိုးဧက ၃၀၆ ဧက ၊ ပဲကြားစိုက်ပျိုးဧက ၄၄၅ ဧကနှင့် အခြားပဲ ၈၆ ဧက စုစုပေါင်း ၁၁၄၁ ဧက စိုက်ပျိုးပြီးစီးကြောင်း သိရပြီး စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ကွင်းတာဝန်ခံများက သီးနှံအထွက်နှုန်း တိုးတက်ရေးအတွက် မျိုးကောင်း မျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေးနှင့် ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးစသည်တို့ကို ပူးပေါင်းဆောင်ရွက်ပေးလျက် ရှိသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ပန်းတောင်းမြို့နယ် အထက(ဆင်တဲ)၌ လူငယ်စကားဝိုင်းကျင်းပ

**ပန်းတောင်း နိုဝင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက အထက(ဆင်တဲ) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်မြတ်ထွေးက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးအရာရှိ ဒေါ်သင်းသင်းအေးက လူငယ်စကားဝိုင်း ကျင်းပခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းအား ကျင်းပရာ Grade-12 မှ ကျောင်းသား မောင်အောင်ကောင်းမြတ်က "ဘဝခရီးအတွက် အတွေးအမြင်များ"၊ Grade-12မှ ကျောင်းသူ မဆုမွန်ဟိန်းက "လူငယ်နှင့် အနာဂတ်ဝါသနာ"၊ Grade-12မှ ကျောင်းသူ မမေဦးခိုင်က "စာဖတ်ခြင်းဖြင့် ကြီးမြင့်မည်" အစရှိသည့် ခေါင်းစဉ်ပါ အကြောင်းအရာများကို ဆွေးနွေးကြရာ ကျောင်းသား ကျောင်းသူများက အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သင်းသင်းအေး**

**(ပြန်/ဆက်)**

# မြန်မာ-ထိုင်းပူးပေါင်းမှုဖြင့် မယ်ဆိုင်ချောင်း နုန်းတူးဖော်ရေး တာချီလိတ်မြို့၌ တွေ့ဆုံဆွေးနွေး

**တာချီလိတ် နိုဝင်ဘာ ၁၉**

မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်း၍ မယ်ဆိုင်ချောင်းအတွင်းရှိ နုန်းများ တူးဖော်နိုင်ရေး နှစ်နိုင်ငံ တာဝန်ရှိသူများ နိုဝင်ဘာ ၁၈ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ 1G1-11 ဟိုတယ် အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။



ဆွေးနွေးပွဲတွင် တာချီလိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးမင်းကိုနှင့် တာဝန်ရှိသူများ၊ ချင်းရိုင်းခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လာမည့်နှစ်မိုးရာသီတွင် ရေကြီးရေလျှံမှု လျော့နည်း သက်သာစေရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းကာ မယ်ဆိုင်ချောင်းအတွင်း ဆာဖေးတိုင်းတာခြင်း၊ အမှတ်(၁) ချစ်ကြည်တံတားအနီး မြန်မာနိုင်ငံဘက်တွင် ရေထိန်းနံရံပြုလုပ်မည့်ကိစ္စနှင့် ယခုနှစ် မိုးရာသီကာလအတွင်း ရေကြီး ရေလျှံမှုများကြောင့် မယ်ဆိုင်ချောင်းနှင့် မယ်ဟောက်ချောင်းအတွင်း တင်ကျန်ရစ်သောနုန်းများ ဆယ်ယူတူးဖော်ခြင်းလုပ်ငန်းကို နှစ်နိုင်ငံပူးပေါင်း၍ နိုဝင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ ငါးရက်အကြာ ဆောင်ရွက်သွားမည့်ကိစ္စတို့နှင့် ပတ်သက်၍ အပြန်အလှန် ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမှ စစ်ဗျူဟာအဖွဲ့(အခြေချ) တာချီလိတ်မှ ခေတ္တစစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး သန့်လှိုင်ဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံမှ ကျောက်တော့ခ်လှုပ်ရှားတပ်ဖွဲ့၊ ဗျူဟာမှူး ဗိုလ်မှူးကြီး အနုဝပ်ဘန်းဘားနန်း၊ ချင်းရိုင်းခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ နယ်ခြားကော်မတီ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မိုးနဲမြို့နယ် ဆွမ်မရမ်းကျေးရွာ ကွန်ကရစ်လမ်းတည်ဆောက်မှု ၄၀ ရာခိုင်နှုန်းပြီးစီး

**မိုးနဲ နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်အတွင်း တည်ဆောက်လျက်ရှိသည့် ကွန်နားကျေးရွာအုပ်စု ဆွမ်မရမ်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်နေမှု ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ ယနေ့နံနက်က ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်း၊ မြို့နယ်ဦးစီးမှူး ဦးအာကာဖြိုးနှင့် တည်ဆောက်ရေးအင်ဂျင်နီယာများက ကျေးရွာအတွင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး မှာကြားသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည် ပေ ၄၆၀၊ အကျယ် ၁၂ ပေ၊ ဒု ၆ လက်မရှိပြီး စုစုပေါင်း ရန်ပုံငွေကျပ် သိန်း ၂၁၀ ဖြင့် အောက်တိုဘာလ တတိယအပတ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး အဆိုပါလမ်းသည် ကျေးရွာရှိကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးများစွာ အထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း သိရသည်။ ၂၂၂



# တွံတေးမြို့နယ်အထက(၂)၌ မီးခိုးမြူငွေ့နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး

**တွံတေး နိုဝင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အထက(၂) ပညာရတနာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးကိုယ်စား အထက်တန်းပြဆရာမ ဒေါ်နီလာဝင်းက အမှာစကားပြောကြားပြီး တွံတေးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးမှူး ဦးလှမင်းက ရာသီဥတုပြောင်းလဲမှု လျော့နည်းစေရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လျော့နည်းစေရေး၊ မီးခိုးမြူငွေ့လျှော့ချရေး၊ မီးရှို့သည့်အတွက် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများ၊ မီးခိုးမြူငွေ့နှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့များ ဖြစ်ပေါ်ရသည့် အကြောင်းအရင်းများ၊ ရွှေ့ပြောင်းတောင်ယာ အများဆုံး စိုက်ပျိုးလုပ်ကိုင်သည့်နေရာများနှင့် ကာလများ၊ တောင်ယာစိုက်ပျိုးရန် မီးရှို့သည့်အတွက် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးများ၊ မီးခိုးမြူငွေ့တွင် ပါဝင်သော လေထုညစ်ညမ်းစေသည့် အကြောင်းအရာများနှင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများ၊ သစ်တောကဏ္ဍနှင့် ပတ်သက်၍ မီးခိုးမြူငွေ့လျှော့ချစေရေးဆိုင်ရာ အကြောင်းအရာများ၊ မီးခိုးမြူငွေ့ဖြစ်ပွားချိန်များတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ကျောင်းသားကျောင်းသူများအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **တွံတေးသား**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၉**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၁၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ လေးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၄၉၁၃၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း ၁၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၉၅၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၅၈၆၃၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့အထွက် ကျိုင်းဖောင်းရွာအနီး လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ ဆိုင်ကယ်အပိုပစ္စည်း တစ်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင်၊ ဘုတ်ပြင်းခရိုင်နှင့် ထားဝယ်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့အဝင် တံတားဦးအဝိုင်း အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၇၁၆၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၀၀၇၁၆၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင်နှင့် လပွတ္တာခရိုင်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီးနှင့် မော်တော်ဆိုင်ကယ် သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆၅၀၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်း၌ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၅၀၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၆၅၄၅၆) ကို သစ်တောဥပဒေအရလည်းကောင်း၊ တောင်ငူခရိုင် တောင်ငူမြို့နယ်အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၆၅၄၅၆ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၂၂၀၈၉၁၆ ကို ဖမ်းဆီးရမိခဲ့သည်။

တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်စည်များ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှု မရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေနိုင်သကဲ့သို့ စားသုံးသူ ပြည်သူလူထုအတွက် အသက်အန္တရာယ် ထိခိုက်မှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ယင်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီက သတင်းရရှိသည်။

**သတင်းစဉ်**

## MNL ယူ-၂၀ ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း သရေကျသဖြင့် ချန်ပီယံအသင်းထွက်ပေါ်ရန် ဆက်လက်စောင့်ဆိုင်းရမည်

**ရန်ကုန် နိုဝင်ဘာ ၁၉**

၂၀၂၄ ရာသီ MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂၄) ပထမနေ့ကို နိုဝင်ဘာ ၁၉ ရက်က ကျင်းပရာ ရှမ်းယူနိုက်တက် အသင်းသည် သရေကျသဖြင့် ချန်ပီယံအသင်း ထွက်ပေါ်လာခြင်း မရှိသေးဘဲ လာမည့်ပွဲများ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း တစ်ဂိုးစီ သရေကျခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် နစ်နာသည့် ပွဲဖြစ်ပြီး ယခုပွဲ အနိုင်ရပါက လက်ကျန်နှစ်ပွဲ စောင့်ဆိုင်းစရာ မလိုဘဲ ချန်ပီယံဖြစ်ခွင့်ရမည်ဖြစ်သော်လည်း သရေကျသဖြင့် လာမည့်ပွဲများကို ဆက်လက်စောင့်ကြည့်ရမည် ဖြစ်သည်။ ရှမ်းယူနိုက်တက် အသင်းသည် ၃၄ မိနစ်တွင် ထက်မြတ်လွင် သွင်းယူသည့်ဂိုးဖြင့် ဦးဆောင်နိုင်သော်လည်း ၇၄ မိနစ်တွင် ရဲရင့်အောင်က ရတနာပုံအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သဖြင့် တစ်ဂိုးစီသရေကျခဲ့ခြင်းဖြစ်သည်။

တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း ဂိုးမရှိ သရေကျခဲ့သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်ယူနိုက်တက်အသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းသည် နောက်ကျဂိုးဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်သည်။ ရခိုင်ယူနိုက်တက်အသင်းအတွက် ဂိုးများကို ကိုး မိနစ်တွင် ထက်ဝေပိုင်၊ ၄၇ မိနစ်တွင် သော်ဇင်နိုင်၊ ၉၀+၂ မိနစ်တွင် စိုးမောင်မောင်တို့က သွင်းယူပြီး ရန်ကုန်ယူနိုက်တက် အသင်းအတွက် ဂိုးများကို သုံးမိနစ်တွင် လမင်းပြည့်စုံနှင့် ၇၃ မိနစ်တွင် ကောင်းခန့်ကျော်က သွင်းယူခဲ့သည်။

ပွဲစဉ် (၂၄) ဒုတိယနေ့ကို နိုဝင်ဘာ ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး စလင်းကွင်း၌ Junior Lions အသင်းနှင့် Dagon Port အသင်း၊ ပဒုမ္မာကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း၊ တောင်ဒဂုံကွင်း၌ အား/ကာ သိပ္ပံအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ-MNL**




ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်း ယှဉ်ပြိုင်စဉ်။

## လက်ဘနွန်နှင့် မြန်မာ့လက်ရွေးစင်အသင်း ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲကစား

**ရန်ကုန် နိုဝင်ဘာ ၁၉**

နိုဝင်ဘာ နိုင်ငံတကာရက်သတ္တပတ်တွင် မြန်မာ့လက်ရွေးစင်အသင်းနှင့် လက်ဘနွန်လက်ရွေးစင်အသင်းတို့၏ ခြေစမ်းပွဲကို နိုဝင်ဘာ ၁၉ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ကျင်းပရာ မြန်မာ့လက်ရွေးစင်အသင်း သုံးဂိုး - နှစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် လက်ဘနွန်လက်ရွေးစင်အသင်းကို အိမ်ကွင်း၌ အကောင်းဆုံးတုံ့ပြန်နိုင်သော်လည်း အပြန်အလှန်သွင်းဂိုးများဖြင့် အရေးနိမ့်ခဲ့သည်။ နည်းပြသစ် ဦးမျိုးလှိုင်ဝင်းလက်ထက်တွင် မြန်မာ့လက်ရွေးစင်အသင်းသည် တိုက်စစ်ကစားပုံပိုကောင်းလာပြီး သွင်းဂိုးများ တွေ့မြင်လာရသော်လည်း ခံစစ်ပိုင်းအားနည်းချက်ရှိနေပြီး စင်ကာပူ၊ လက်ဘနွန် နှစ်ပွဲစလုံး နောက်ကျဂိုးများဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ပြည့်ဖြိုးသူ (ဂိုး)၊ အောင်ဝဏ္ဏစိုး၊ စိုးမိုးကျော်၊ သက်ဟိန်းစိုး၊ ဥက္ကာနိုင်၊ ဝေလင်းအောင်၊ လွင်မိုးအောင်၊ မြတ်ကောင်းခန့်၊ မောင်မောင်လွင်၊ သီဟဇော်၊ ဟိန်းထက်အောင်တို့ဖြင့် ပွဲထွက်လာပြီး ဒဏ်ရာရကစားသမားများပြားနေသောကြောင့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့သည်။ မြန်မာအသင်းနည်းပြဟောင်း ရာဒူလိုဗစ် ကိုင်တွယ်နေသည့် လက်ဘနွန်လက်ရွေးစင်အသင်းမှာလည်း မြန်မာအသင်းကို ပွဲစကတည်းက ဖိအားပေးကစားခဲ့သည်။ ၃၇ မိနစ်တွင် မာလက်ခ်က လက်ဘနွန်လက်ရွေးစင်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူသော်လည်း ၄၂ မိနစ်တွင် သီဟဇော်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းပြီး မြန်မာအသင်းအတွက် ချေပဂိုးပြန်သွင်းသဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးရရန် တိုက်စစ်မြှင့်လာပြီး ၅၇ မိနစ်တွင် အသင်းခေါင်းဆောင် မောင်မောင်လွင်က ထောင့်ကန်ဘောကို တိုက်ရိုက်ကန်သွင်းပြီး မြန်မာအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ မြန်မာအသင်းသည် အနိုင်ရလဒ် ထိန်းကစားနိုင်ရန် ကြိုးပမ်းသော်လည်း လက်ဘနွန်တိုက်စစ်ကို ဟန့်တားနိုင်ခြင်းမရှိဘဲ လူစားဝင်တိုက်စစ်မှူး ဆန်နီမာဟက်က ၇၄ မိနစ်တွင် ချေပဂိုးနှင့် ၈၄ မိနစ်တွင် အနိုင်ဂိုးသွင်းယူခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဒီဇင်ဘာတွင် ယှဉ်ပြိုင်ရမည့် Asean Cup ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အောက်တိုဘာနှင့် နိုဝင်ဘာ နိုင်ငံတကာရက်သတ္တပတ်တွင် ခြေစမ်းပွဲလေးပွဲကစားရာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးနိမ့်ခဲ့သည်။

**ရဲရင့်လွင်**

## ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးနှင့် လေထုညစ်ညမ်းမှုဆိုင်ရာအသိပညာပေး

**ပင်းတယ နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်သစ်တောဦးစီးဌာနက မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးနှင့် လေထုညစ်ညမ်းမှုဆိုင်ရာအသိပညာပေးဟောပြောပွဲကို ကျုံးစံပြကျေးရွာ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ ပင်းတယမြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးခန့်မင်းမော်က မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချခြင်း၊ လေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုလျော့နည်းစေရေးနှင့် သစ်တောများမှ ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသူကျောင်းသားများအား အသိပညာပေး ပြောကြားသည်။

ထို့နောက်ဟောပြောပွဲသို့တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်းနှင့် ယနေ့အသိပညာပေးဟောပြောပွဲသို့ ကျောင်းဆရာ ဆရာမ ၁၀ ဦး၊ ကျောင်းသား ကျောင်းသူ ၇၄ ဦး စုစုပေါင်း ၈၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ကိုဦး(ပြန်/ဆက်)**




## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ညာတောကျေးရွာအုပ်စု၊ ညာတောကျေးရွာနေ ဦးကျော်လွင်၏သား မောင်မင်းမင်း ၈/တတက(နိုင်)၁၅၂၂၄၇၏ နိုင်ငံကူးလက်မှတ်အမှတ် MF 528899မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၁၁၀၄၃၈၅

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ရေတွင်းကုန်းကျေးရွာအုပ်စု၊ ဆင်လမ်းကြီး ကျေးရွာနေ ဦးစန်းလွင်၏သား မောင်ကျော်သက် ၈/မဘန(နိုင်)၁၈၈၈၇၉၏ နိုင်ငံကူးလက်မှတ်အမှတ် ME 625633မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၅၂၆၃၄၀၂

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/61684, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဝေအောင် ၁၄/ငပတ(နိုင်)၂၄၃၁၂၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၄၅) ဘုတ်ချောင်းကွင်း၊ မြေကွက်အမှတ်(၈)၊ မြေဧရိယာ(၀ဒသမ၉၅)ကေအား မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၉-၉-၂၀၁၅)ရက်စွဲပါ စာအမှတ် ၁၁၂/၄/၁-၁၂/ဦး ၁ အရ ဦးတင်ရွှေ အမည်ဖြင့် မွေးမြူရေးဇုန်မြေနေရာ ချထားပေးခဲ့ပါသည်။ အဆိုပါ မြေနေရာအား စက်မှု/စီးပွားမြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးတင်ရွှေ ၆/မအရ(နိုင်)၀၃၁၃၇၉မှ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ မြိတ်မြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့တွင် မြို့အင်္ဂါရပ်နှင့် ညီညွတ်မှုရှိစေရေးအတွက် မြို့မြေတိုးချဲ့ခြင်း၊ မြို့မြေကွက်များဖော်ထုတ်ခြင်းနှင့် မြေနေရာခွင့်ပြုချထားပေးခြင်းများကို စိစစ်ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါ မြို့မြေနေရာခွင့်ပြုချထားပေးခြင်းခံရသူများအနေဖြင့် ကာလကြာမြင့်စွာ မြေနေရာခွင့်ပြုမိန့်ပါ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းသတ်မှတ်ချက်များနှင့် ဆောင်ရွက်ခဲ့ခြင်းမရှိသည့်အတွက် ပဲခူးခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီး ဌာနမှ (၂၀-၉-၂၀၁၄)ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြေညာခဲ့ပြီး ရက်ပေါင်း (၉၀)ရက်အတွင်း အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်ခဲ့ပါသည်။

ယခုအခါ ပဲခူးမြို့၊ ဥသျှာမြို့သစ်၊ ရပ်ကွက်ကြီး(၇)၊ မြေတိုင်းအမှတ်(၁)၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်းအမှတ်(၂၇)တို့အတွင်းရှိ မြို့မြေကွက်များသည် ခွင့်ပြုချထားပေးခဲ့သည့် ၁၉၉၈ ခုနှစ်မှစ၍ (၂၆)နှစ်ကြာယနေ့အထိ တစ်စုံတစ်ရာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း မရှိသည့်အတွက် မြို့အင်္ဂါရပ်နှင့် ညီညွတ်မှုရှိစေရေး Town Plan စနစ်တကျ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အထက်ပါဧရိယာများအတွင်းရှိ မြေနေရာခွင့်ပြုခြင်း ခံခဲ့ရသူများအနေဖြင့် (၂၈-၁၁-၂၀၂၄)ရက် နောက်ဆုံးထား၍ ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး သို့ ကာယကံရှင်များကိုယ်တိုင် ဆက်သွယ်ဆောင်ရွက်ရန် အသိပေးကြေညာအပ်ပါသည်။

**ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်၊ 2B(704)၊ မုဒိသာအိမ်ရာ(၂)အား လက်ဝယ်ပိုင်ဆိုင်ခဲ့ပြီး အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းစွာဖြင့် တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်မိုးစန္ဒာ (၇/ပခန(နိုင်)၀၈၉၇၀၄) မှ ဝန်ခံသဖြင့် ၎င်းထံမှ (ဘ) ဦးခင်မြင့်၏သမီး ကျွန်ုပ်မဒေါ်ခင်အုန်းမြင့် (၁၂/ဥကတ(နိုင်)၀၁၈၂၉၅)က အပြီးအပိုင် ဝယ်ယူပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ရာနှင့်ပတ်သက် ပြီး ပိုင်ရေး/ဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်မထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဒေါ်ခင်အုန်းမြင့် (၁၂/ဥကတ(နိုင်)၀၁၈၂၉၅)**
**အမှတ်-၂၁/၁၀၀(က)၊ ကွန်းဇော်လမ်း၊ ရွှေပေါက်ကံမြို့။**
**ဖုန်း-၀၉-၇၆၃၃၁၃၆၉၃**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

## (တရားမကျင့်ထုံးဥပဒေအမိန့်၂၁၊ နည်းဥပဒေ ၂၂)

## တောင်ကြီးမြို့နယ်တရားရုံးတော်

## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၆ နှင့်ဆက်နွယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် -၆၆

| | | |
|---|---|---|
| ဒေါ်နန်းခမ်းဖစ် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးကျော်စွာဝင်း) | နှင့် | ဦးသိန်းညွန့် |
| **တရားနိုင်** | | **တရားရှုံး** |

အမှတ်(ရပ/၁၂)၊ သစ္စာလမ်း၊ နယ်မြေ(၁၀)၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့နေသူ တရားရှုံး ဦးသိန်းညွန့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တောင်ကြီးမြို့နယ် တရားရုံး၏ ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၆ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဒေါ်နန်းခမ်းဖစ် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးကျော်စွာဝင်း) က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုစေရန်၊ သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့် အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်) မွန်းမတည့်မီ (၁၁:၀၀) နာရီတွင် ဤရုံးတော်သို့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းအေးမြသီရိ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
## ပြည်သူ့အင်အားဦးစီးဌာန
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း
## ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၄)ရက်
## (၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနတွင် ယာယီနေ့စား (၁၀၀)ဦး ခန့်ထားရန်အတွက် ယှဉ်တွဲဖော်ပြပါသတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူများသည် ရွေးချယ်ခြင်းခံရပါက ပြည်သူ့အင်အားဦးစီးဌာန၊ ရုံးအမှတ် (၄၈)၊ နေပြည်တော်တွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အနည်းဆုံး အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်သူ အိမ်ထောင် မရှိသူ လူပျို/ အပျို ဖြစ်ရမည်။
(ဃ) (၃၁-၁၂-၂၀၂၄)ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်စေရ။
(င) ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
(စ) အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော မည်သည့် အကြမ်းဖက်အဖွဲ့အစည်း များနှင့်မှ ပါဝင်ပတ်သက်ခြင်း မရှိသူဖြစ်ရမည်။

၃။ လျှောက်လွှာပုံစံအား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး ဌာန၊ ပြည်သူ့ အင်အားဦးစီးဌာန၊ ရုံးအမှတ်(၄၈)နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများတွင် လူကိုယ်တိုင် လာရောက်ရယူ၍လည်းကောင်း၊ ပြည်သူ့အင်အားဦးစီးဌာန၏ www.dop.gov.mm Website တွင် download ရယူနိုင်ပြီး လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲ၍ ပြည်သူ့အင်အားဦးစီးဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်သို့(၂၉-၁၁-၂၀၂၄)ရက် နောက်ဆုံးထား လျှောက်ထားရမည် -

(က) ဘွဲ့လက်မှတ်မိတ္တူ/ အခြေခံပညာအထက်တန်းအောင်လက်မှတ် မိတ္တူ
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဂ) အိမ်ထောင်စုစာရင်းမိတ္တူ
(ဃ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် အပျို/လူပျိုဖြစ်ကြောင်း ဌာနဆိုင်ရာ အရာရှိ/ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ထောက်ခံချက်
(စ) လျှောက်လွှာနှင့်အတူ ပြစ်မှုကင်းရှင်းကြောင်းနှင့် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော မည်သည့်အကြမ်းဖက်အဖွဲ့အစည်းများနှင့်မှ ပါဝင်ပတ်သက်ခြင်း မရှိကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်းနှင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။
(ဆ) ပါတီနိုင်ငံရေး ကင်းရှင်းကြောင်း ကတိဝန်ခံချက်(လက်ရေးမူဖြင့်)
(ဇ) ပြန်တမ်းဝင်အရာရှိတစ်ဦးဦး၏ ထောက်ခံချက်
(ဈ) စာပိုဒ်(၃)(က)မှ(ဇ)ပါ အထောက်အထားများ အပြည့်အစုံမိတ္တူ(၁)စုံ

၄။ အစိုးရဌာနများတွင် လက်ရှိ တာဝန်ထမ်းဆောင်နေသည့်ဝန်ထမ်းများ ဝင်ရောက်ဖြေဆိုခွင့်မပြုပါ။

၅။ လျှောက်ထားသူများသည် လူတွေ့နှုတ်ဖြေကိုနေပြည်တော်တွင် ဖြေဆိုရမည်ဖြစ်ပါသည်။ ဖြေဆိုမည့်နေ့ရက်အား ရုံးအမှတ်(၄၈)နှင့် ပြည်သူ့အင်အားဦးစီးဌာန၏ www.dop.gov.mm Website တွင် ကြိုတင်ကြော်ငြာပေးပါမည်။

၆။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့် အထောက်အထားစာရွက်စာတမ်းများသည် မှန်ကန်မှု မရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ထုတ်ပယ်ခြင်းခံရမည်။

၇။ အသေးစိတ်သိရှိလိုပါက ပြည်သူ့အင်အားဦးစီးဌာန၊ ရုံးအမှတ် (၄၈)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၆၇-၄၃၁၃၅၇၊ ၀၆၇-၄၃၁၃၆၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊(၆၆)ရပ်ကွက်၊ ရေဝဏ်လမ်း၊ အင်းဝအိမ်ရာရှိ(၂)ခန်းတွဲ(၄) ထပ်တိုက်၏ တိုက်အမှတ် ၉၊ အခန်းအမှတ် ၁၀၂၊ ပထမထပ်၊ တိုက်ခန်းအကျယ်အဝန်း(၁၁၇၅)စတုရန်းပေ အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်း တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနရှိ OwnerBook တွင် အမည်ပေါက်သူ ဒေါက်တာသိန်းကြူ ၁၂/စခန(နိုင်)၀၁၁၆၈၁မှ အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်သူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းနွယ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၂၈)**
**အမှတ်(၉)၊ အရှေ့အာဇာနည်လမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၃၁၁၂၅၇၁၊ ၀၉-၇၉၉၉၁၀၄၃၀**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၄)ရက်
## [၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၉)ရက်]

၁။ ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| ရာထူး၊ လစာနှုန်း | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| အငယ်တန်းအင်ဂျင်နီယာ(၂) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၇၀)နေရာ | အင်ဂျင်နီယာဘွဲ့ BE(Civil/EP/EC/IT)၊ B.Arch, B.Tech(Civil/EP/Arch) အင်ဂျင်နီယာဒီပလိုမာဘွဲ့ AGTI(Civil/EP/Arch) (ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူကို ဦးစားပေးမည်) |

၂။ လျှောက်လွှာတွင် အောက်ဖော်ပြပါ အချက်အလက်များပါဝင်ရမည်-

(က) အမည်၊
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
(ဂ) မွေးသက္ကရာဇ်(ခုနှစ်၊ လ၊ ရက်)၊
(ဃ) လူမျိုး/ကိုးကွယ်သည့်ဘာသာ၊
(င) ရရှိသည့်ဘွဲ့၊ ခုနှစ်၊ တက္ကသိုလ်၊
(စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်၊
(ဆ) ယခင်ကနိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်း ရှိ-မရှိ၊ ရှိပါက မည်သည့်ဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြောင်းနှင့် အလုပ်မှနုတ်ထွက်ခဲ့သည့် အကြောင်းအရာ၊
(ဇ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လက်ရှိ အလုပ်အကိုင်နှင့် ဌာန၊
(ဈ) ပြင်ပပုဂ္ဂိုလ်ဖြစ်လျှင် လက်ရှိအလုပ်အကိုင်နှင့်ဆောင်ရွက်နေသည့် အဖွဲ့အစည်း/ ဌာန/ကုမ္ပဏီ--------စသည်ဖြင့်၊
(ည) ဆက်သွယ်ရန် လိပ်စာနှင့် ဆက်သွယ်ရမည့် ဖုန်း/ Viber/ Email Address (ရှိလျှင်)၊
(ဋ) အမြဲတမ်းနေရပ်လိပ်စာ အပြည့်အစုံ။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များအား ပြည့်စုံစွာ ပူးတွဲပါရှိရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ၊ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် (သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်လက်မှတ် မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
(ဃ) ရက်သတ္တပတ်(၂)ပတ်အတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံ၊ (ဓာတ်ပုံကျောဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)၊
(င) ယခင်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ၊
(စ) နိုင်ငံ့ဝန်ထမ်း မဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊
(ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လွန်ခဲ့သောတစ်လအတွင်း ရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းကို သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်း၊
(ဇ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်းနှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊
(ဈ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ဆေးရုံ/မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဆေးစစ်ထောက်ခံချက်မူရင်း၊
(ည) ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ကိုယ်တိုင်ကတိခံဝန်ချက်၊
(ဋ) ဌာနတွင်အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်ပြီး ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိဝန်ခံချက်။

၄။ အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်/ထုတ်ပယ်ခံရသူ၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၅။ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ရုံးချုပ်) နေပြည်တော်၊ ရုံးအမှတ်(၄၇)သို့ လိပ်မူ၍ လျှောက်လွှာပိတ်ရက် (၁၉-၁၂-၂၀၂၄)ရက်နေ့၊ (၁၆:၃၀)နာရီထက် နောက်မကျစေဘဲ လျှောက်ထားရမည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနအကြီးအကဲထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ဤဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ပေးပို့ရန်ဖြစ်ပြီး လျှောက်လွှာမူရင်းခွဲတစ်စောင်ကို ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ရုံးချုပ်သို့ (၁၉-၁၂-၂၀၂၄) ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထားပြီး ပေးပို့ရမည်ဖြစ်သည်။

၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရန်နှင့် လျှောက်လွှာပိတ်ရက်တွင် အသက်(၁၈)နှစ် ပြည့်ပြီး အသက်(၃၀)နှစ် မကျော်လွန်သူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ် မကျော်လွန်သူဖြစ်ရမည်။

၈။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများကို ထည့်သွင်းလက်ခံစဉ်းစားမည်မဟုတ်ပါ။

၉။ လျှောက်ထားသူများသည် မြန်မာစာဘာသာရပ်၊ အင်္ဂလိပ်စာဘာသာရပ်နှင့် အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲ ဖြေဆိုရမည်။ စာမေးပွဲကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့် စာမေးပွဲဖြေဆိုရန်အတွက် ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ်တို့ကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ရုံးချုပ်)တွင် ကြေညာထားမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများကိုသာ နှုတ်ဖြေစစ်ဆေးမည်ဖြစ်သည်။ စာမေးပွဲလာရောက်ဖြေဆိုပါက လျှောက်လွှာတင်စဉ်က မိတ္တူအဖြစ် တင်ပြထားသော အထောက်အထားများ၏ မူရင်းများပါရှိရမည်။

၁၀။ အသေးစိတ်သိလိုပါက ရုံးအမှတ်(၄၇)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန (ရုံးချုပ်) စီမံခန့်ခွဲရေးဌာနခွဲ သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းအမှတ် (၀၉-၄၂၀၇၁၃၁၅၂)၊ (၀၉-၅၀၇၆၀၄၀)ကို သော်လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကွင်းမြောင်ရွာနေ မသန်းသန်းမော်(ဘ)ဦးဘိုကောင်း ၈/တတက(နိုင်)၂၅၅၄၇၁ ပတ်စ်ပို့အမှတ် ME ၉၅၆၄၁၇ ပျောက်ဆုံးသွားပါသည်။

ဖုန်း-၀၉-၆၉၁၂၈၉၅၁၀

## ပတ်စ်ပို့ပျောက်

ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ ဇလဇအုပ်စု၊ ဇလဇကျေးရွာနေ (ဘ)ဦးအေးမောင်ထွန်း၏သမီး မသန့်စင်ဆွေ ၈/ရစက(နိုင်)၁၅၅၉၇၇ ၏ နိုင်ငံကူးလက်မှတ်အမှတ် MO 19138 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၂၀၅၇၃၃၃

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ လယ်ကြီးကွင်းအုပ်စု၊ အိုင်က လောကျေးရွာနေ ဦးကြွက်မီး၏သား ဦးဝင်းနှင့် ဦးမောင်ဝင်း ၁၄/အဂပ(နိုင်) ၀၃၁၉၀၄တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဝင်း(ခ)ဦးမောင်ဝင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြန်အောင်ခရိုင်၊ အင်္ဂပူမြို့နယ်၊ လင်းလွန်းပင်အုပ်စု၊ ဘန့်ဘွေးကုန်းကျေးရွာနေ ဦးသိန်း၏သား ဦးကျော်ဝင်းနှင့် ဦးသန်းစိန် ၁၄/အဂပ(နိုင်) ၀၇၂၃၂၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျော်ဝင်း(ခ) ဦးသန်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9W/53235 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုမာ ၇/တငန(နိုင်) ၁၇၅၄၄၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/66246, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဝင်း ၇/ရတရ(နိုင်) ၀၇၈၇၆၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

